မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၁၈ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၆၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြို့ပတ်လမ်းခင်းကျင်းမှု ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းပျဉ်းမြို့ မြို့ပတ်လမ်းခင်းကျင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် မုံရွာမြို့၌ဖွင့်လှစ်

တိုင်းမှူး ဗိုလ်ချုပ်သာအေး စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၁၇

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ အထူးဈေးရောင်းပွဲတော်ကို အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်းနှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အထူးဈေးရောင်းပွဲတော်မုခ်ဦးကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၇ ❐

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းပျဉ်းမြို့ မြို့ပတ်လမ်းခင်းကျင်းမှုစစ်ဆေး

ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

မျိုးကိုင်း၊ မျိုးစေ့၊ ပျိုးပင် ပြုစုပျိုးထောင်ပြီး သတ်မှတ်ကေကျော်လွန်အောင်စိုက်ပျိုး

ရန်ကုန် မတ် ၁၇

မိုင်းပျဉ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်စိုက်ပျိုးပွဲကို မတ်၇ရက် နံနက်ပိုင်းတွင် မိုင်းပျဉ်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပျိုးဥယျာဉ်၌ ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မိုင်းပျဉ်းမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

အစီအစဉ်အရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးသိန်းက ခြံစည်းရိုးကြက်ဆူပင်အမျိုးအစားများ၊ စိုက်ပျိုးပုံနည်းစနစ်နှင့် ကြက်ဆူဆီအသုံးပြုပုံ နည်းစနစ်များ ရှင်းလင်းပြောကြားပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကြက်ဆူဆီလက်တွေ့ကြိတ်ခွဲထုတ်လုပ်မှု၊ ကြက်ဆူဆီဖြင့် မီးထွန်းမှု၊ မီးစက်နှင့် ထော်လာဂျီယာဉ်များ မောင်းနှင်ပြသမှုကို တက်ရောက်လာကြသည့် ဒေသခံပြည်သူများက လေ့လာကြည့်ရှု အားပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးက တက်ရောက်လာကြသူများအား ခြံစည်းရိုးကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကိုပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များတွင် စတင်စိုက်ပျိုးကာ တက်ရောက်လာကြသူများက ခြံစည်းရိုးကြက်ဆူ မျိုးကိုင်း၊ မျိုးစေ့ ၅၀၀၀ကို တပျော်တပါးပျိုးထောင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ☆

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

❐ ယနေ့ လူ့အခွင့်အရေး စွပ်စွဲချက်များကို အားအားရှိတိုင်း လုပ်ကြံဖန်တီး ထုတ်ပြန်နေသော အမေရိကန်ပြည်ထောင်စုသည် ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးက ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို မလိုလား၊ မထောက်ခံသည့်အပြင် လူ့အခွင့်အရေး ချိုးဖောက်မှုဖြင့် ထိုစဉ်က လူ့အခွင့်အရေးကော်မရှင်၏ နှစ်စဉ် ပြစ်တင်ရှုတ်ချခံခဲ့ရသည့် နိုင်ငံဖြစ်ခဲ့သည်။

တက္ကသိုလ်မြတ်သူ၏ဆောင်းပါး (စာ-၃၊ ၇)

❐ ကုလသမဂ္ဂက လူ့အခွင့်အရေးကောင်စီသစ် ပြင်ဆင် ဖွဲ့စည်းလိုက်ပြီ၊ လူ့အခွင့်အရေး ကော်မရှင်ကို လူ့အခွင့်အရေးကောင်စီအဖြစ် အစားထိုးပြောင်းလဲ၊ အမေရိကန်၏ တားဆီးပိတ်ပင်ရန် အားထုတ်မှု မအောင်မြင်၊ လူ့အခွင့်အရေးကောင်စီ ဖွဲ့စည်းရေး မဲခွဲရာတွင် အမေရိကန် အထီးကျန် ဖြစ်ရ။

ဘာသာပြန်ဆောင်းပါး (စာ-၈)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၁၈ ရက်)

နိုင်ငံတော်ဝင်ငွေ ပိုမိုတိုးတက်ရရှိရေး အရည်အသွေးကောင်းကျောက်မျက်များ တိုးမြှင့်ရောင်းချ

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ရှိသော ရွှေ၊ ငွေ၊ ကျောက်မျက်၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့်ပုလဲ စသည့်အဖိုးတန်သယံဇာတများသည် အရည်အသွေးကောင်းမွန်သောကြောင့် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည်။

မြန်မာ့ရတနာမြေများမှ ထွက်ရှိသည့် ကျောက်မျက်ရတနာများကို တိုးမြှင့်ရောင်းချနိုင်ရေးနှင့် နိုင်ငံခြားငွေ ပိုမိုရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ခင်းကျင်းပြသရောင်းချခဲ့သည်။

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လ ၁၅ရက်နေ့မှ စတင်ခင်းကျင်းပြသလျက်ရှိပြီး မတ်လ ၁၆ရက်နေ့ပြပွဲသို့ ပြည်ပ ၁၁နိုင်ငံ၊ ရတနာကုမ္ပဏီ၂၃၂ခုမှ ရတနာကုန်သည် ၈၂၇ဦးနှင့် ပြည်တွင်းရတနာကုမ္ပဏီ၃၃၇ခုမှ နိုင်ငံသားရတနာ ကုန်သည်၇၄၅ဦး စုစုပေါင်းရတနာကုန်သည် ၁၅၇၂ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများသည် ယခင်ပြပွဲများတွင် ခင်းကျင်းပြသခဲ့သည်တို့ထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ အရေအတွက် ပိုမိုများပြားခြင်းတို့ကြောင့် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ အထူးစိတ်ဝင်စားကြပြီး အများအပြား လာရောက်ကြခြင်းဖြစ်သည်။

ယခုကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများသည် အရေအတွက်နှင့် အရည်အသွေးပါ ကောင်းမွန်သော ကျောက်မျက်ရတနာတွဲများဖြစ်ရာ ကျောက်စိမ်းအတွဲ နံပါတ်၂၄၂၉သည် ကျောက်စိမ်းတုံးငါးတုံး အလေးချိန် ၁၂၅ ကီလိုရှိပြီး အခြေခံ ကြမ်းခင်းဈေး ယူရိုငွေတစ်သန်းဖြစ်သည်။ မိုးကုတ် ပတ္တမြားအတွဲနံပါတ်၆၃သည် ပတ္တမြားတာတစ်ပွင့် အလေးချိန် ၃၃ဒသမ ၃၉ကရက်ရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၃ဒသမ၅သန်းဖြစ်သည်။ ရွှေရောင်ပုလဲ အတွဲနံပါတ် ၂၃၃သည် ပုလဲလုံးရေ ၆၈လုံး အလေးချိန် ၆၂ဒသမ ၅၀မိုမီရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၁၇၃၀၀တို့ဖြင့် ကြမ်းခင်းဈေးအများဆုံးအဖြစ် တင်ပြ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်ရာ ပုလဲအတွဲပေါင်း ၂၅၀၊ ပုလဲလုံးရေ ၂၃၉၅၀ပါဝင်သည်။ အလားတူ အရည်အသွေးကောင်းမွန်သည့် အထည်ကျောက်ရိုင်းတုံးများ အပါအဝင် ကျောက်စိမ်းအတွဲ ၂၄၅၉တွဲ၊ ကျောက်မျက်အတွဲ ၂၅၁တွဲနှင့် လက်ဝတ်ရတနာမျိုးစုံတို့ကိုလည်း ခင်းကျင်းပြသထားသည်။ ကျောက်မျက်အတွဲများတွင် မိုင်းရှူးကျောက်မျက်ရတနာမြေမှ ကျောက်မျက်များနှင့် မိုးကုတ်ရတနာမြေမှ ကျောက်ကြီးကျောက်ကောင်းများ ပါဝင်သည်။

မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ယခင်က နိုင်ငံတော်ကသာ အဓိကဆောင်ရွက်ခဲ့ပြီး ယခုအခါ တိုင်းရင်းသားပုဂ္ဂလိက ကျောက်မျက်ရတနာ ကုမ္ပဏီများကပါ အကျိုးတူ တူးဖော်ခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ကျောက်မျက်ရတနာလုပ်ငန်း ကျယ်ပြန့်စွာ လုပ်ကိုင်လာသည်နှင့်အမျှ နိုင်ငံတော်အတွက်ဝင်ငွေ ပိုမိုတိုးတက် ရရှိလာမည်ဖြစ်၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပုဂ္ဂလိကကုမ္ပဏီများ နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် အရည်အသွေးကောင်း ကျောက်မျက်ရတနာများ တိုးမြှင့်ရောင်းချသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သီတဂူဆရာတော် ဝိဇာယနမွေးနေ့ ပူဇော်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်ကိုကို တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၁၇

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၃ ရက် နံနက်ပိုင်းက သဲကုန်းမြို့နယ်ရှိ သမိုင်းဝင်ရှေးဟောင်း မြသိန်းတန်စေတီတော်ကြီး သီတဂူဗုဒ္ဓဗိမာန် တန်ဆောင်းတော်သို့သွားရောက်၍ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သဲကုန်းသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ သက်တော် (၆၉)နှစ်ပြည့် ဝိဇာယနမွေးနေ့ပူဇော်ပွဲကျင်းပရာ အခမ်းအနားသို့ သဲကုန်း သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြသည်။

ဩဝါဒကထာ

အစီအစဉ်အရ တိုင်းမှူးနှင့်ဇနီး၊ ဧည့်ပရိသတ်များက သဲကုန်းသီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်၍ ဩဝါဒကထာ နာကြားကြသည်။

ထို့နောက်တိုင်းမှူးနှင့်ဇနီး တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပရိတ်တရားတော်ရွတ်ပွား

ယင်းနောက် သဲကုန်း သီတဂူ ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် သမိုင်းဝင် ရှေးဟောင်း မြသိန်းတန် စေတီတော်မြတ်ကြီးအား လယ်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုပြီး စေတီရင်ပြင်တော်ပေါ်ရှိ ပါဒစေတီ၊ သိမ်စေတီနှင့် သီတဂူ ဓမ္မဗိမာန်တော်တို့ကို လှည့်လည် ဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်း အမှတ် (၂၄၈)နေ ကွယ်လွန်သူ ဦးစိုးမြင့် တစ်နှစ်ပြည့်အား ရည်စူး၍ ဒေါ်အမာနှင့် မိသားစု (ဖက်ဖူးရောင်လက်ဖက်ရည်ဆိုင်)မှ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ်(၂)လမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံစဉ်။ (က–ပ)

ရေစကြိုဆရာတော်တရားပွဲ

ရန်ကုန် မတ် ၁၇

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) နှစ် ၁၀၀ ပြည့် ပွဲတော် အထိမ်းအမှတ် အကြိုတရားပွဲအဖြစ် ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋက မဟာဂန္ဓဝင် နိကာယ်စာသင်တိုက် ပဓာနနာယက ဆရာတော် တိပိဋကရေဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြို ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ မဟာထေရ်မြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၇၇ရှိ (ဝိုင်အမ်ဘီအေ) အသင်းတိုက်၌ မတ် ၂၅ရက်(စနေနေ့) ညနေ ၆နာရီမှ ၈ နာရီအထိ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(၃၅၂)**

မြဝတီရုပ်မြင်သံကြား

၁၈–၃–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ကိံတုကောပမသုတ်”**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ မေးမြန်းစူးစမ်း
၁၂း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **“နှင်းဆီ”** (အပိုင်း–၁)
၁း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မျိုးချစ်တပ်မတော်
၅း၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်းရတနာ”** (အပိုင်း–၂၁)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ English Premier League ဘောလုံးပွဲ West Bromwich Albion Vs Manchester United.

ဒိုက်ဦးမြို့နယ် အသင်း (ရန်ကုန်) နှစ်(၅၀)ပြည့် ရွှေရတုပွဲနှင့် (၂၅) ကြိမ်မြောက် နှစ် ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး တွင် နှစ်(၅၀)ပြည့် ရွှေရတု မဂ္ဂဇင်း ဒိုက်ဦး ပဟေဠိကဏ္ဍပါ မေးခွန်းများကို အကောင်းဆုံး ဖြေဆိုနိုင်သူ ဦးကြည်ခ (ဒိုက်ဦး) အား ပဟေဠိ ရှင် မိသားစု ကိုယ်စား ဒေါ်ခင်စန်းကြည်က ဆုချီးမြှင့်စဉ်။ (က–ပ)

‘လူ့အခွင့်အရေး’ သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (၂)

အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်း ဆန်ဖရန်စစ္စကိုမြို့တွင် ၁၉၄၅ခုနှစ်က နိုင်ငံပေါင်း၅၀ စုပေါင်းရေးဆွဲခဲ့သည့် ကုလသမဂ္ဂပဋိညာဉ် စာချုပ်ကြီး၏နိဒါန်း ဒုတိယစာပိုဒ်တွင် “မိမိတို့သည် အခြေခံလူ့အခွင့်အရေးများတွင် လည်းကောင်း၊ လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာနှင့် တန်ဖိုးတွင်လည်းကောင်း မမိုတ်မသုန်ယုံကြည်သက်ဝင်မှုရှိသည်” ဟူ၍ ဖော်ပြထားသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီနှင့် ဒုတိယကမ္ဘာစစ် အပြီးအထိ ကမ္ဘာ့နိုင်ငံတစ်ရာကျော် ကျွန်ဘဝရောက်ရှိနေရဆဲ ဖြစ်သည်။ ပင်လယ်သမုဒ္ဒရာများအတွင်းရှိ လူနေကျွန်းရော၊ လူမနေသည့် ကျွန်းများကိုပါ ဦးရာနိုင်ငံ၊ အင်အားကြီးသောနိုင်ငံတို့က အပိုင်စီးထားကြဆဲဖြစ်သည်။ လွတ်လပ်ရေး တိုက်ပွဲဝင်နိုင်ငံများကို နယ်ချဲ့နိုင်ငံကြီးများက ဖိနှိပ်နေကြဆဲ ဖြစ်သည်။ လွတ်လပ်ရေးရရှိသော နိုင်ငံများသည်လည်း ကုလသမဂ္ဂအဖွဲ့ကြီးသို့ တန်းစီပြီး ဝင်ရောက်လာသည်။ အဖွဲ့ဝင်နိုင်ငံအများစုသည် ကိုလိုနီ(ကျွန်ပြု)စနစ်ကို လက်မခံ ကြချေ။ ဤသို့ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ကိုလိုနီစနစ်ဖျက်သိမ်းရေးကို ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်လာခဲ့သည်။ ကမ္ဘာ့လူသားအားလုံး၊ ကမ္ဘာ့နိုင်ငံအားလုံး ကိုလိုနီထမ်းပိုးအောက်မှ လွတ်မြောက်ရေး (ဝါ) လွတ်လပ်ရေးသည် ကုလသမဂ္ဂ၏ အဓိကကျသော ဦးတည်ချက်ဖြစ်လာခဲ့သည်။ ကုလသမဂ္ဂ၏ ကမ္ဘာသူကမ္ဘာသား လွတ်လပ်ခွင့်ကို ဖော်ကျူးရာ၌ အထောက်အကူဖြစ်စေမည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Human Right Declaration) ကို ၁၉၄၈ခုနှစ်တွင် စုပေါင်းရေးဆွဲခဲ့ကြသည်။ အဖွဲ့ဝင် နိုင်ငံများက ယင်းကြေညာစာတမ်းကြီးကို သဘောတူ လိုက်နာကြမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ကုလသမဂ္ဂ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီးသည် ကမ္ဘာသူကမ္ဘာသား(လူသား)များ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ကြစေရန်၊ ကျွန်ပြုခံဘဝမှ ကင်းဝေးကြစေရန်၊ မိမိတို့ လူ့အဖွဲ့အစည်း၊ မိမိတို့လူ့ဘောင်(ဝါ) မိမိတို့နိုင်ငံသူနိုင်ငံသားများ တိုင်းတစ်ပါးသား၏ စိုးမိုးမှုမခံကြရဘဲ ကိုယ့်နိုင်ငံကိုယ့်လူမျိုး ကောင်းကျိုးကို ကိုယ့်နိုင်ငံ၊ လူမျိုး၊ စရိုက်လက္ခဏာ၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်း၊ လူများစုဆန္ဒနှင့်အညီ လွတ်လွတ်လပ်လပ် ဖော်ဆောင်နိုင်ရန် အာမခံထားသော စာတမ်းကြီးဖြစ်လေသည်။ အနှစ်သာရချုပ်၍ဆိုရလျှင် ကုလသမဂ္ဂ၏ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းသည် လူသားတို့၏ လွတ်လပ်ခွင့်၊ လွတ်လပ်စွာ ရပ်တည်ရှင်သန်ခွင့်၊ လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိကြရေးပင် ဖြစ်ပေသည်။

ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည့် စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)၊ ကုလသမဂ္ဂ ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)တို့သည် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းများကို မိမိတို့ နယ်ပယ်အသီးသီး၌ ထမ်းဆောင်လျက်ရှိကြပေသည်။ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် ၁၉၄၆ ခုနှစ်တွင် (၁)လူ့အခွင့်အရေး ကော်မရှင် (၂) အမျိုးသမီးတို့၏ အဆင့်အတန်းဆိုင်ရာ ကော်မရှင်တို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

လူ့အခွင့်အရေးကော်မရှင် အစည်းအဝေးများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးကျော်ရေးသမား၊ နယ်ချဲ့ဝါဒီများ၊ အသားအရောင်၊ လူမျိုးနှင့် အဆင့်အတန်းခွဲခြားမှု ကျင့်သုံးသည့် နိုင်ငံများတွင် တွေ့နေရကြောင်း၊ နိုင်ငံစုံ ကိုယ်စားလှယ်များနှင့် ကော်မရှင်က သုံးသပ်တင်ပြမြဲ ဖြစ်သည်။ အလားတူပင် တောင်အာဖရိက၊ သိမ်းပိုက်ခံအာရပ်နယ်မြေများ၊ ချီလီ၊ အယ်လ်ဆာဗေဒိုး၊ ဂွာတီမာလာစသည့် နိုင်ငံများတွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ပြင်းထန်လျက်ရှိပုံကို သုံးသပ်ခဲ့ကြသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၏ အစည်းအဝေးများ၌ အထက်ပါအတိုင်း သုံးသပ်တင်ပြကြတိုင်း အမေရိကန်ပြည်ထောင်စုနှင့် အပေါင်းပါနိုင်ငံများက ကန့်ကွက်မဲပေးကြသည်။ အထူးသဖြင့် အခြေခံ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို အကြမ်းဖက်

တက္ကသိုလ်မြတ်သူ

ချိုးဖောက်မှုများ အဆုံးသတ်စေရန် ဆုံးဖြတ်မည့် အဆိုပြုချက်များကို အထက်ပါ အနောက်အုပ်စုနိုင်ငံကြီးများက ကန့်ကွက်မဲပေးခဲ့ကြသည်။

၁၉၄၇ ခုနှစ်တွင် လူ့အခွင့်အရေးကော်မရှင်က လူမျိုးခွဲခြားမှု၊ အသားအရောင်ခွဲခြားမှု တားဆီးကာကွယ်ရေးနှင့်လူမျိုးစုများအား အကာအကွယ်ပေးရေး ကော်မရှင်အဖွဲ့ခွဲတစ်ခု ထပ်မံဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့ငယ်သည် အသားအရောင်၊လူမျိုး၊ ယဉ်ကျေးမှု၊ ကိုးကွယ်မှု၊ ဘာသာစကားကွဲပြားမှု အပါအဝင် လူ့အဆင့်အတန်းခွဲခြားမှု မှန်သမျှကို လေ့လာသုံးသပ်ကာ အစီရင်ခံစာများ တင်သွင်းခဲ့သည်။ လုပ်ငန်းအဖွဲ့ခွဲများ ဆင့်ပွားဖွဲ့စည်းကာ လူ့အဆင့်အတန်းခွဲခြားမှု၊ ငွေဝယ်ကျွန်ပြုသနာနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများကိုပါ လေ့လာသုံးသပ်စေခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံမှ ချမှတ်ခဲ့သော အမျိုးသမီးများ၏ အခွင့်အရေးကာကွယ်ရေး ဆုံးဖြတ်ချက်သည် အမျိုးသမီးအဆင့်အတန်းဆိုင်ရာ ကော်မရှင်အဖွဲ့ငယ်၏ ကြိုးပမ်းမှု အသီးအပွင့်ဖြစ်သည်။ အလားတူပင် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များဖြစ်သည့် အမျိုးသမီးများ၏ နိုင်ငံရေးလုပ်ပိုင်ခွင့် သဘောတူစာချုပ်၊ အမျိုးသမီးတို့၏ သဘောဆန္ဒအရသာ လက်ထပ်ရေး သဘောတူစာချုပ်၊ လက်ထပ်ပြီးအမျိုးသမီးတို့၏ တိုင်းရင်းသားဖြစ်မှုဆိုင်ရာသဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် အဆင့်အတန်း ခွဲခြားမှုများ ဖျက်သိမ်းရေးဆိုင်ရာ ကြေညာစာတမ်း၊ အမျိုးသမီးများ အပေါ် မည်သည့်ပုံစံနှင့်မျှ အဆင့်အတန်းမခွဲခြားရေး သဘောတူ စာချုပ်များ ဖြစ်ပေါ်လာခဲ့သည်မှာလည်း အဆိုပါ ကော်မရှင် အဖွဲ့ငယ်၏ ကြိုးပမ်းမှုရလဒ်ပင်ဖြစ်သည်။ ယူနက်စကိုအဖွဲ့ကြီးကလည်း ပညာသင်ကြားရေးတွင် အတန်းအစား၊ လူမျိုး၊ အသားအရောင် အဆင့်အတန်း မခွဲခြားရေးအတွက် ဦးတည်ကြိုးပမ်း ခဲ့ပေသည်။

၁၉၆၆ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ အပြန်အလှန် သဘောတူညီချက်နှင့် လူမှုအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ ချမှတ်ခဲ့သည်။ ထိုသဘောတူညီချက်နှစ်ရပ်တွင် အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ယင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးရာ၌ ပါဝင်သောနိုင်ငံများအတွင်း လိုအပ်သော ဥပဒေပြဋ္ဌာန်းခြင်း၊ အခြားနည်းဖြင့်ဖြည့်ဆည်းခြင်းတို့ ပြုလုပ်ရန် ဖော်ပြပါရှိသည်။ ဤသို့ဖြင့် ထိုလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လိုက်နာစေရန် ဆောင်ရွက်ခဲ့ပေသည်။

လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ နိုင်ငံများမှ စုဆောင်းရရှိသည့် အချက်အလက်များအပေါ် မူတည်၍ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်၁၉(Article 19) ပါ လွတ်လပ်စွာ ရေးသားခွင့်၊ ယူဆခွင့်၊ ဖော်ပြခွင့်၊ သတင်းရရှိခွင့်တို့ကို မည်သည့်နိုင်ငံက ချိုးဖောက်သည်ဆိုသည်ကို နှစ်အလိုက် အစီရင်ခံလှုပ်ရှားနေသော အဖွဲ့တစ်ဖွဲ့ရှိသည်။ ယင်းအဖွဲ့ကို အပိုဒ်၁၉ အဖွဲ့ (Article 19) ဟု ခေါ်သည်။ အဖွဲ့တည်ထောင်သူ ဒါရိုက်တာမှာ ကယ်ဗင်ဘွိုင်းလ်ဖြစ်သည်။ ထိုအဖွဲ့၏ ၁၉၈၈ခုနှစ် အစီရင်ခံစာကို အမေရိကန်တိုင်းမ်မဂ္ဂဇင်းတိုက်မှ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

အဆိုပါ ၁၉၈၈ခုနှစ် အပိုဒ်၁၉အဖွဲ့ အစီရင်ခံစာ၌ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၉ကို ချိုးဖောက်သော နိုင်ငံ၅၀၏ အမည်စာရင်းနှင့်ချိုးဖောက်ပုံ ချိုးဖောက်နည်းများကိုပါ တင်ပြထားသည်။ ယင်းသို့ အပိုဒ်၁၉ ချိုးဖောက်သော နိုင်ငံ ၅၀ တွင် အာဖရိကတိုက် ဆာဟာရ သဲကန္တာရတောင်ပိုင်းရှိ ရှစ်နိုင်ငံ၊ အမေရိကတိုက် တောင်နှင့်မြောက်တို့မှ ၁၂နိုင်ငံ၊ အာရှတိုက်မှ ကိုးနိုင်ငံ၊ ဥရောပတိုက်မှ ၁၃နိုင်ငံ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းမှ ခြောက်နိုင်ငံ၊ ဩစတြေးလျနှင့် ဖီဂျီစသည့်နိုင်ငံများ ပါဝင်သည်။

ယင်းစာအုပ်၌ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်နှစ်ရပ်တွင် အဆိုပါ ချိုးဖောက်သည့် နိုင်ငံ ၅၀က ပါဝင်လက်မှတ်ထိုးသော နေ့စွဲ၊ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်၁၉ကို မည်သို့မည်ပုံ ချိုးဖောက်သည် စသည်တို့အား တိကျစွာဖော်ပြထားသည်။

ယင်းသဘောတူစာချုပ်ကို လက်မှတ်မထိုးသည့် နိုင်ငံများတွင် အမေရိကန်ပြည်ထောင်စု ပါဝင်နေကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ယနေ့ လူ့အခွင့်အရေး စွပ်စွဲချက်များကို အားအားရှိတိုင်း လုပ်ကြံဖန်တီး ထုတ်ပြန်နေသော အမေရိကန်ပြည်ထောင်စုသည် ၁၉၄၈ခုနှစ်တွင် ကုလသမဂ္ဂ အဖွဲ့ကြီးက ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို မလိုလား၊ မထောက်ခံသည့်အပြင် လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် ထိုစဉ်က လူ့အခွင့်အရေး ကော်မရှင်၏ နှစ်စဉ်ပြစ်တင်ရှုတ်ချခံခဲ့ရသည့် နိုင်ငံဖြစ်ခဲ့သည်။

တရုတ်နိုင်ငံမှ လျှပ်ပြေးသံလိုက်ရထား

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ မီးရထားဘူတာရုံသို့ လျှပ်ပြေးသံလိုက်ရထားတစ်စင်း ဝင်ရောက်လာသည်ကို မတ် ၁၄ ရက်ကတွေ့ရစဉ်။ **(အပေါ်ပုံ)**

တရုတ်နိုင်ငံအစိုးရသည် ၎င်း၏ မြို့ကြီးများတွင် မြေအောက်မီးရထား ကွန်ရက်စနစ်ကို ပိုမိုချဲ့ထွင်လာသောကြောင့် ပြင်သစ်နိုင်ငံမှ အင်ဂျင်နီယာလုပ်ငန်း အက်စတွန်ကုမ္ပဏီသည် တရုတ်နိုင်ငံသို့ လိုအပ်သော မြေအောက်မီးရထား စက်ကိရိယာပစ္စည်း များကို တိုးမြှင့်ရောင်းချသွားမည်ဖြစ်ကြောင်း ကုမ္ပဏီအမှုဆောင်အရာရှိတစ်ဦးက အင်္ဂါနေ့က ပြောကြားသည်။

(အင်တာနက်)

တရုတ်ပြည်ရှိ မဟာတံတိုင်းကြီးအား ထိန်းသိမ်းရေး အဆင့်မြင့်နည်းပညာများဖြင့် ဆောင်ရွက်မည်

ပေကျင်း မတ် ၁၇

တရုတ်နိုင်ငံရှိ ကီလိုမီတာ ၆၃၀၀ရှည်လျားသည့် မဟာတံတိုင်းကြီးတစ်လျှောက်ရှိ ခက်ခဲနက်နဲပြီး ကြာရှည်စွာ လုပ်ကိုင်ရမည့် နယ်ပယ်ကို ကွင်းဆင်းဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာပစ္စည်းကိရိယာများ၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချိုင်းနားဒေလီသတင်းစာက မတ် ၁၅ရက်တွင် ဖော်ပြသည်။

ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် လေဆာရှာဖွေရေးကိရိယာ အမျိုးမျိုး၊ ကမ္ဘာလုံးဆိုင်ရာ အနေအထားစနစ် (စီပီအက်စ်)ကိရိယာများနှင့် ဒီဂျစ်တယ်လ်ကင်မရာများကို အသုံးပြု၍ ရောမအဆောက်အအုံမှ အုတ်တစ်ချပ်ချင်းစီကို အသေးစိတ် မှတ်တမ်းတင်ကြမည်ဖြစ်သည်။

ကွင်းဆင်းလေ့လာ

အဆိုပါ ကွင်းဆင်းလေ့လာချက်သည် လွန်ခဲ့သည့်လက စတင်ဆောင်ရွက်ခဲ့သည့် မဟာတံတိုင်းကြီးကာကွယ်ရေး ၁၀နှစ်ကြာ စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း တရုတ်နိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲရေးဌာန၊ အမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး ချာအီဆာ အိုမင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကမ္ဘာ့လေကြောင်း ခရီးသွားလာမှု ခြောက်ရာခိုင်နှုန်းမြင့်တက်

ဂျီနီဗာ မတ် ၁၇

ယမန်နှစ်က လေကြောင်းဖြင့် ခရီးသွားလာကြသည့် ကမ္ဘာ့ခရီးသွားဦးရေမှာ လေးဘီလီယံရှိကာ ၂၀၀၄ ခုနှစ်ကထက် ခြောက်ရာခိုင်နှုန်း မြင့်တက်လာကြောင်း နိုင်ငံတကာ လေဆိပ်ကောင်စီ လုပ်ငန်းအဖွဲ့က မတ် ၁၄ရက်၌ ပြောကြားသည်။

နိုင်ငံတကာခရီးသွားလေကြောင်း ပျံသန်းမှုပေါင်း ၁၁သ၁မ ၆ဘီလီယံရှိပြီး နှစ်ချင်းအလိုက် ရှစ်ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ ကုန်တင် လေကြောင်း ပျံသန်းမှုမှာလည်း သုံးရာခိုင်နှုန်းတိုးတက်လာကြောင်း ဂျီနီဗာအခြေစိုက် အဆိုပါလုပ်ငန်း အဖွဲ့က ပြောကြားသည်။

အဆိုပါ စာရင်းများသည် ကမ္ဘာ့ ထိပ်တန်းခရီးသွားလေဆိပ်များမှ ရယူခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလေဆိပ်များမှာ အတ္တလန်တာ၊ ချီကာကိုမှ အိုဟဲယား၊ လန်ဒန်မှ ဟီးသရိုး၊ တိုကျိုမှ ဟာနာဒါနှင့် လော့စ်အိန်ဂျလိစ်လေဆိပ်များမှ ရယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပေကျင်းလေဆိပ်သည် နံပါတ် ၁၄နေရာတွင်ရှိပြီး ပြည်တွင်းနှင့် နိုင်ငံတကာခရီးသွား ၁၇ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ရေသဘင်ပွဲတော် မလေးရှားတွင် ဆင်နွှဲကျင်းပမည်

ကွာလာလမ်ပူ မတ် ၁၇

မလေးရှားနိုင်ငံတွင်လည်း ၂၀၀၆ခုနှစ် ဧပြီလတွင် ရေသဘင်ပွဲတော် ကျင်းပမည်ဖြစ်ကြောင်း ထိပ်တန်းခရီးသွားတာဝန်ရှိသူတစ်ဦးက မတ် ၁၅ရက်၌ ပြောကြားသည်။

တက်ရောက်မည်

ယင်းရေသဘင်ပွဲတော်ကို ဧပြီ ၂ရက်တွင် ပါဟန်းပြည်နယ်၌ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းရေသဘင်ပွဲတော်သို့ ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက် ဘာဒါဝီ တက်ရောက်လိမ့်မည်ဖြစ်ကြောင်း မလေးရှားခရီးသွားဝန်ကြီးက ပြောကြားသည်။

ရေသဘင်ပွဲ

ရေသဘင်ပွဲကျင်းပခြင်းမှာ ခရီးသွားများ ပိုမိုလာရောက်စေရန်ဖြစ်ကြောင်း ဖြင့်လည်း အဆိုပါ ဝန်ကြီးက ပြောကြားသည်။

ကျင်းပသွားမည်

ဖွင့်ပွဲမတိုင်မီ သုံးရက်အလိုတွင် မတ် ၃၁ရက်မှစပြီး ပါဟန်းပြည်နယ်၌ စတင်ပြီး ရေသဘင်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် ဆီလင်ဂါပြည်နယ်၌ ဧပြီ ၇ရက်မှ ဧပြီ ၉ရက်တွင်လည်းကောင်း၊ တောင်ပိုင်းဒေသ နီဂျာရီဆမ်ဘီလန်၌ ဧပြီ ၁၄ရက်မှ ၁၆ရက်အထိ၊ မြောက်ပိုင်းဒေသ ကေဒက်၌ ဧပြီ ၂၀ရက်မှ ၂၂ရက်အထိ၊ ဧပြီ ၂၈မှ ၃၀ရက်အထိ မလေးရှား အရှေ့ပိုင်း လာဘူအန်ကျွန်း၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါခရီးသွားဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

စားသောက်ကုန်ထုတ်လိုင်စင်မရှိသူများ တရုတ်၌အရေးယူ

ပေကျင်း မတ် ၁၇

တရုတ်နိုင်ငံ ရှန်စီပြည်နယ် မြောက်ပိုင်း ရန်ချမ်းဒေသ၌ အစားအသောက် ထုတ်လုပ်ရေးလိုင်စင်မရှိသော လုပ်ငန်းရှင်များ၏ ရေဘူးများကို တရုတ် စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးအရာရှိများက စွန့်ပစ်လောင်းသွန်သည်။ **(အပေါ်ပုံ)**

တရုတ်နိုင်ငံသည် မတ် ၁၅ရက်တွင် ကမ္ဘာ့စားသုံးသူများအခွင့်အရေးနေ့အဖြစ် ကျင်းပခဲ့သည်။ တရုတ်အာဏာပိုင်များက အစားအသောက်များ ထုတ်လုပ်ရာတွင် အရည်အသွေးမမီ ကုန်ပစ္စည်းများ၊ ရက်လွန်အစားအစာ ရောင်းချခြင်းမပြုရန် ပိတ်ပင်ထားသည်။

ယင်းကဲ့သို့ စားသောက်ကုန် ထုတ်ကုန် လိုင်စင်ရယူခြင်းမရှိသော လုပ်ငန်းနှင့် ပိုင်ရှင်များကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ကျောက်ဖြစ်ရုပ်ကြွင်း ဒိုင်နိုဆော ဥ

ကျောက်ဖြစ်ရုပ်ကြွင်း ဒိုင်နိုဆော ဥများကို တွေ့ရစဉ်။ (ယာပုံ)

ဩစတြေးလျမှ သတ္တုတွင်းထွက်ပစ္စည်း ရောင်းဝယ်သူ တစ်ဦးသည် တရုတ်နိုင်ငံမှ ကျောက်ဖြစ်ရုပ်ကြွင်း ဒိုင်နိုဆောဥ ရာပေါင်းများစွာကို တရားမဝင် အမေရိကန်သို့ တင်ပို့ရန် သယ်ဆောင်လာစဉ် အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်အဖွဲ့များက ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ဆီးကျိတ်ကင်ဆာ ခြောက်လအတွင်း ခွဲစိတ်ကုသသင့်

နယူးယောက် မတ် ၁၇

တဖြည်းဖြည်းကြီးထွားလာသော ဆီးကျိတ်ကင်ဆာ ရှိသောသူသည် ခြောက်လအထိ ဘေးအန္တရာယ်မရှိဘဲ နေနိုင်သည်ဟု လေ့လာစမ်းစစ်ချက် အသစ်များက အကြံပြုထားသည်။

လေ့လာဆန်းစစ်

ဆီးကျိတ်များအား ဖယ်ရှားရန် ခွဲစိတ်ကုသမှုမပြုမီ ခြောက်လအထိ စောင့်ဆိုင်းနေသောသူများတွင် ရောဂါကြောင့် ထိခိုက်မှုများတိုးပွားလာခြင်း မရှိသေးကြောင်း ဆီးကျိတ်ကင်ဆာ အနည်းငယ်ခံစားနေသူ ၈၉၅ယောက်သာ လေ့လာဆန်းစစ်ချက်မှ ရှာတွေ့ခဲ့သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

သို့သော် ခွဲစိတ်ကုသမှုပြုရန် ခြောက်လထက်ကျော်လွန်သွားပါက ကင်ဆာရောဂါ ဖြစ်ပွားသည့် လက္ခဏာများ တွေ့ရှိရသည်ဟု လေ့လာစမ်းသပ်ချက် အထောက်အထားများအရ ၎င်းတို့က ဆိုသည်။

ဆီးကျိတ်ကို တွေ့ရှိသည်နှင့် ခွဲစိတ်ကုသမှုပြု၍ မဖယ်ရှားဘဲ ကုသမှုပြုရန် အဘယ်ကြောင့်ကြန့်ကြာနေသည်ကို ရှင်းလင်းစွာ မသိရှိကြောင်း လေ့လာဆန်းစစ်သူများ အဖွဲ့ခေါင်းဆောင်က ပြောကြားသည်။

ဆီးကျိတ်ကင်ဆာဆေးဝါးကုသမှုကိစ္စသည် ယခုတိုင် အငြင်းပွားဖွယ်ရာ ရှိနေသေးကြောင်း အဘယ်ကြောင့်ဆိုသော် ယင်းရောဂါသည် တဖြည်းဖြည်းကြီးထွားလာခြင်းကြောင့်ဖြစ်ပြီး ဆေးဝါးကုသရန် ကြန့်ကြာနေခြင်းသည် ရောဂါလက္ခဏာကို စောင့်ကြည့်နေရခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

အကြမ်းဖျင်းတွေ့ရှိချက်အရ ဆီးကျိတ်ကင်ဆာ အနည်းငယ်ခံစား နေစဉ် ရောဂါကို စစ်ဆေးပြီးနောက် ဆေးဝါးကုသမှုပြုရန် ဆုံးဖြတ်ချက်များကို အလျင်အမြန် ပြုလုပ်မှုမရှိခြင်းကြောင့်ဖြစ်ကြောင်း ဒေါက်တာ စတီဗင်က ရိုက်တာသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ရှေးခေတ်ကြေးနီဒင်္ဂါးပြားသုံးရာကျော် နီကိုရှားမြို့ဟောင်း တူးဖော်စဉ်တွေ့ရှိ

နီကိုရှား မတ် ၁၇

ဆိုက်ပရပ်စ်နိုင်ငံ နီကိုရှားမြို့ဟောင်းကို တူးဖော်စဉ်အတွင်း မြေအောက်မှ ဗီနက်ရှင်းခေတ် ကြေးနီဒင်္ဂါးပြား ၃၀၀မှ၄၀၀ခန့်အထိ တွေ့ရှိခဲ့ကြောင်း ဒေသခံမီဒီယာများက မတ် ၁၁ရက်က ဖော်ပြသည်။

အဆိုပါ ဒင်္ဂါးပြားများကို မိလ္လာသန့်စင်ရုံ ရုံးသစ်ဆောက်လုပ်မည့် အော်တိုမန်အင်ပါယာခေတ်က ကျန်ရှိခဲ့သည့် ရေချိုးကန်အနီး၌ တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

ပျံ့နှံ့သွား

အဆိုပါရေကန်ကို ဆိုက်ပရပ်စ်တွင် အော်တိုမန်ငွေကြေးစနစ်စတင်အသုံးမပြုသေးချိန်အော်တိုမန် အင်ပါယာခေတ် ပထမနှစ်အနည်းငယ်အတွင်း တူးဖော်ဖောက်လုပ်ခဲ့ခြင်း ဖြစ်ဟန်တူပြီး ငွေကြေးစနစ်မှာမူ ဆိုက်ပရပ်စ် ဝန်းကျင်သို့ ပျံ့နှံ့သွားခဲ့ခြင်း ဖြစ်သည်။

ဆိုက်ပရပ်စ်ရှိ ဗီနက်ရှင်းခေတ်ကာလမှာ နှစ်ပေါင်း၃၀၀၌ အော်တိုမန်အင်ပါယာက ဖာမာဂူ စတာကိုသိမ်းပိုက်ခဲ့ပြီး ဆိုက်ပရပ်စ် ကိုလည်း အော်တိုမန်အင်ပါယာအောက် သွတ်သွင်းခဲ့သည့် ၁၄၈၉ခုနှစ်မှ ၁၅၇၁ ခုနှစ်တိုင်ကာလ ဖြစ်သည်။

ထိန်းသိမ်းထား

အများဆုံးဖြတ်နိုင်ခြေမှာ အော်တိုမန်ခေတ်ရေကန်ကို ဗီနက်ရှင်းဒင်္ဂါးများ အသုံးပြုဆဲဖြစ်သော ၁၅၇၁ခုနှစ်မှ ၁၅၇၈ခုနှစ်အတွင်းတည်ဆောက်ခဲ့ခြင်း ဖြစ်နိုင်သည်။

ဗီနက်ရှင်းကြေးနီဒင်္ဂါးပြားများကို လောလောဆယ်တွင် ထိန်းသိမ်းထားရန် ရည်ရွယ်ချက်ဖြင့် ဆိုက်ပရပ်စ် ပြတိုက်တွင် ထိန်းသိမ်းထားသည်။

ဗီနက်ရှင်းကြေးနီကိုဆီးယားကို ဘိုင်ဇန်တိုင်း၊ ဖရင့်ကစ်၊ ဗီနက်ရှင်း အပါအဝင် လူ့ယဉ်ကျေးမှုခေတ်များ ဆက်တိုက်ပြိုပျက်ခဲ့ပြီးနောက် တည်ဆောက်ခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ



ဒေါ်လာကိုးသိန်းတန် ပန်းချီကား

တရုတ်ပန်းချီဆရာ လီကေရန်း ရေးဆွဲခဲ့သော တောင်အမည်ရှိ ဒေါ်လာ ကိုးသိန်းတန် ပန်းချီကားကို ဧပြီလတွင် ဟောင်ကောင်၌ ကျင်းပမည့် ပန်းချီလေလံရောင်းချပွဲ၌ ပြသရောင်းချမည်ဖြစ်ကြောင်း သိရသည်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

အစ္စလမ်မာဘတ် မတ် ၁၇

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းတွင် မတ် ၁၅ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ အနည်းဆုံး ၁၄ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ အရာရှိကြီးတစ်ဦးက ပြောကြားသည်။

ဖြစ်ပွားမှုမှာ ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ပါကစ္စတန် နီစီးတီးမြို့ စီးပွားရေးအချက်အချာကျသည့် လမ်းမကြီးပေါ်ရှိ ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်း ဖြစ်သည်။

အဆိုပါ ကုန်ပဒေသာဆိုင်ကြီး၏ ပိုင်ရှင်ဖြစ်သူ မိုဟာမက်ဘီလာ၏ ပြောကြားချက်အရ ၎င်း၏ဆိုင်သို့ နံနက်ပိုင်းအချိန်ကတည်းကပင် ဈေးဝယ်သူများ ရောက်ရှိလာကြောင်း မည်သူက ဆိုင်အတွင်း ဗုံးထားခဲ့မှန်း မသိကြောင်း ပြောကြားသည်။

ဗုံးပေါက်ကွဲချိန်တွင် ဖြတ်သန်းမောင်းနှင်သွားသော ခရီးသည်တင် ဘတ်စ်ကားတစ်စီးလည်း ထိမှန်ခံရပြီး ခရီးသည်အချို့ ဒဏ်ရာရရှိခဲ့သည်။ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ မြောက်ဘက် မိုင် ၃၄၀အကွာ မီအောကျွန်းအနီး ပင်လယ်ကြမ်းပြင်၌ သန္တာကျောက်ခက်များကို တွေ့ရစဉ်။ (ယင်းကျွန်းအနီးမှ သန္တာကျောက်ခက်များသည် ပင်လယ်ရေအပူချိန်မြင့်တက်လာသဖြင့် တဖြည်းဖြည်း ပျက်စီးလာနေကြောင်း ဩစတြေးလျနိုင်ငံမှ တာဝန်ရှိသူများက ပြောကြားသည်။ ပင်လယ်ရေအပူချိန်မှာ ၂၉ဒီဂရီ ဆဲလ်စီးရပ်အထိ မြင့်တက်ခဲ့သည်ဟု ဆိုသည်။)

(ဓာတ်ပုံ-အင်တာနက်)

မှတ်ဉာဏ်ချွတ်ယွင်းသည့်ရောဂါထိရောက်စွာကုသရေး တရုတ်သိပ္ပံပညာရှင်များ ဆေးဝါးသစ်တစ်မျိုးတွေ့ရှိ

ပေကျင်း မတ် ၁၇

တရုတ်သိပ္ပံအကယ်ဒမီကျောင်း (စီအေအက်စ်)မှ သုတေသီများသည် မှတ်ဉာဏ်ချွတ်ယွင်းသည့်ရောဂါ (အယ်လ်ဇိုင်းမားရောဂါ) ပြုစုကုသရေးတွင် အောင်မြင်မှုသက်သေပြနိုင်မည့် ဆေးဝါးသစ်တစ်မျိုးကို စမ်းသပ်တွေ့ရှိခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အတည်ပြုခဲ့

ယင်းဆေးဝါးသစ်၏ ပြောင်းလဲ ဖြစ်ပေါ်မှုအဆင့်(၁) စမ်းသပ်မှုများ ကို တရုတ်နိုင်ငံ အစားအစာနှင့် ဆေးဝါးဆိုင်ရာ စီမံအုပ်ချုပ်ရေးဌာနက အတည်ပြုခဲ့သည်။

အကျိုးပြု

တိရစ္ဆာန်များကို စမ်းသပ်ရာတွင် အဆိုပါဆေးဝါးသစ်သည် သမားရိုးကျ အယ်လ်ဇိုင်းမားဆေးဝါးထက် အနည်းဆုံး ရှစ်ဆပိုမိုအကျိုးပြုသည်ကို တွေ့ရှိရကြောင်း စီအေအက်စ် ကန်းမင်းရက္ခဗေဒဌာန စမ်းသပ် စစ်ဆေးရေးမှူး ဟာယိုဆာယိုကျင်က ဆင်ဟွာ၏ တယ်လီဖုန်းဖြင့် မေးမြန်းချက်ကို မတ် ၁၅ရက်က ပြန်လည် ဖြေကြားခဲ့သည်။

၎င်းပြင် အဆိုပါ ဆေးဝါးသစ်သည် ဦးနှောက်ဆိုင်ရာ ရောဂါနှင့်နဗ်ဆဲလ်ပျက်စီးမှုများကိုလည်း ကာကွယ်နိုင်သည်ကို တွေ့ရှိရကြောင်း၊ အသိဉာဏ်ကိုလည်း ပိုမိုတိုးတက်စေမည်ဟု ထင်ရကြောင်း သုတေသနပြုချက်အရ သိရှိရသည်။

အဆိုပါ ဆေးဝါးကို စီအေအက်စ် ကန်းမင်းသတ္တဗေဒသိပ္ပံဌာနနှင့် ရှန်ဟိုင်းစီအေအက်စ် ဆေးဝါးဖော်ထုတ်ရေးသိပ္ပံဌာနတို့က ပူးပေါင်း သုတေသနပြုခဲ့ကြခြင်း ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စက်ရုပ် ပြခန်းတစ်ခုတွင် စက်ရုပ် ဒီဇိုင်နာတာဆုယာမတ်ဆု(ယာ)နှင့် ဖက်ရှင်ဒီဇိုင်နာမိုရီတို့အား ယင်းတို့တီထွင်ထုတ်လုပ်သော စက်ရုပ်နှင့်အတူ တွေ့ရစဉ်။

(ယင်းစက်ရုပ်သည် ရုပ်မော်ဒယ်တစ်ယောက်ကဲ့သို့ သရုပ်ပြသနိုင်ပြီး အရောင်းဆိုင်ခန်းများတွင် အရောင်းမြှင့်တင်သူအဖြစ်လည်း လုပ်ဆောင်ပေးနိုင်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

အီသီယိုးပီးယား လယ်ယာထုတ်ကုန်များမှ ဒေါ်လာ ၁၃၁သန်းကျော် ဝင်ငွေရရှိခဲ့

အဒစ္စအဘာဘာ မတ် ၁၅

အီသီယိုးပီးယားနိုင်ငံသည် လွန်ခဲ့သည့်နှစ် ဇူလိုင်လမှစပြီး လွန်ခဲ့သော ရှစ်လကကော်ဖီ၊လက်ဖက်၊ ဟင်းခတ်အမွှေးအကြိုင်နှင့် ဝါဂွမ်းများ တင်ပို့ရောင်းချရာမှ အမေရိကန်ဒေါ်လာ ၁၃၁သန်းကျော် ရရှိခဲ့ကြောင်း အီသီယိုးပီးယား စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက မတ်၁၂ရက်တွင် ထုတ်ပြန်ကြေညာသည်။

ပြောကြား

အဆိုပါဝန်ကြီးဌာနသည် ဖော်ပြပါကာလအတွင်း ကုန်ပစ္စည်းထုတ်ကုန်တန်ချိန် ၆၂၄၄၀ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက သတင်းထောက်များအား ပြောကြားသည်။

ကုန်ပစ္စည်းအများဆုံးတင်ပို့သောနိုင်ငံများမှာ ဂျာမနီ၊ ဂျပန်၊ အမေရိကန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဗြိတိန်၊ ပါကစ္စတန်တို့ဖြစ်ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၅ ခုနှစ်တွင် စင်ကာပူ၌ အလုပ်အကိုင်များပိုမိုဖန်တီးပေးနိုင်ခဲ့

စင်ကာပူ မတ် ၁၆

စင်ကာပူနိုင်ငံသည် ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်က အလုပ်အကိုင် ၁၁၃၃၀၀ ကို တိုးချဲ့ခန့်ထားပေးနိုင်ခဲ့ရာ လွန်ခဲ့သည့် ရှစ်နှစ်တာကာလအတွင်း အလုပ်အကိုင်အများဆုံး ဖန်တီးပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း စင်ကာပူနိုင်ငံလူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန (အမ်အိုအမ်)က မတ် ၁၅ ရက်က သတင်းထုတ်ပြန်သည်။

၂၀၀၅ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်း အလုပ်သမားအရေအတွက် ၂၃၁၉၉၀၀ အထိရှိခဲ့ရာ အလုပ်ခန့်ထားနိုင်မှု စံချိန်သစ်ပင်ဖြစ်ကြောင်း အမ်အိုအမ်က ထုတ်ပြန်သတင်း၌ဖော်ပြသည်။

၂၀၀၅ ခုနှစ်တွင် ဝန်ဆောင်မှုကဏ္ဍ၌ အလုပ်သမား ၇၃၉၀၀ ဦးခန့်ကိုလည်းကောင်း၊ အခြေခံအဆောက်အအုံများနှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင် ၂၉၅၀၀ နှင့်၈၇၀၀ အသီးသီးတိုးမြှင့်ခန့်ထားနိုင်ခဲ့သည်။

ပြီးခဲ့သည့် တစ်နှစ်လုံး၌ စင်ကာပူပြည်တွင်း အလုပ်သမား ၆၃၅၀၀ ဦးနှင့် ပြည်ပအလုပ်သမား ၄၉၈၀၀ ဦးအား တိုးမြှင့်ခန့်ထားနိုင်ခဲ့သည်။ စင်ကာပူနိုင်ငံတွင် ပြီးခဲ့သည့်နှစ်ကုန်၌ပြည်တွင်း၌ အလုပ်လက်မဲ့ဦးရေ ၆၄၂၀၀ ရှိနေခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

အမ်အင်အေ၊ဆင်ဟွာ

✻ *ကျောဖုံးမှ*

ပန်းချီကားပေါင်း ၁၀၀ ကျော်

ရှေးဦးစွာ ပန်းချီဆရာ တောင်ငူစိုးမြင့်လေးက ပြပွဲခင်းကျင်းပြသရခြင်းနှင့်စပ်လျဉ်းပြီးရှင်းပြရာ၌ "ယခုပြပွဲသည် စာနယ်ဇင်း ပန်းချီဆရာများ၏ ပန်းချီပြပွဲဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်လွန်နှစ်များမှစပြီး စာနယ်ဇင်း ပန်းချီပြပွဲကို ပန်းချီချစ်မြတ်နိုးသူများ လေ့လာသိရှိနိုင်ရန် ပြသလာခဲ့ရာ ယခုအကြိမ်ဆိုလျှင် ပဥ္စမအကြိမ် ရှိသွားပြီဖြစ်ကြောင်း၊ ပြခန်းတွင် ပန်းချီဆရာ ၅၉ ဦး၏ ပန်းချီကားပေါင်း ၁၀၆ ကား ပြသထားကြောင်း" ပြောပြသည်။

ဆက်လက်၍ပန်းချီဆရာ သန်းမြင့်အောင်က ပန်းချီပြခန်းတွင် ပြသထားသော ပန်းချီကားများ အကြောင်းကို ရှင်းပြသည်။ ယင်းပြခန်းတွင် ဆီဆေး၊ ရေဆေး၊ Acrylic နှင့် Mix Media နည်းဖြင့် ရေးဆွဲထားသော ပန်းချီကားများပါဝင်သည်။

ပြည်ပဈေးကွက်

"ပြပွဲတစ်ပွဲလျှင် ပန်းချီကား ၁၅ ကား အနည်းဆုံးရောင်းချရကြောင်း၊ ဝယ်ယူကြသူများမှာ နိုင်ငံခြားသားများဖြစ်ကြောင်း၊ ပြည်ပဈေးကွက်တွင် မြန်မာ့ပန်းချီကားများ လူကြိုက်များလာကြောင်း၊ နိုင်ငံခြားတိုင်းပြည်များသို့လည်း သွားရောက်ပြသခြင်းများ ရှိကြောင်း" ပန်းချီဆရာ သန်းမြင့်အောင်က ရှင်းပြသည်။

ပန်းချီဆရာများ ဖြစ်ကြသည့် ဦးလွန်းကြွယ်၊ မောင်ညိုဝင်း၊ မောင်ကျော်ညွန့်၊ မောင်မောင်သိုက်၊ ဝသုန်၊ ပန်းချီစိုးမိုးနှင့် ဇော်မင်းတို့ ရေးဆွဲသော ပန်းချီကားများမှာ ပြည်ပဈေးကွက်တွင် လူကြိုက်များသော ပန်းချီကားများ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စာနယ်ဇင်း ပန်းချီဆရာများပြပွဲတွင် ပန်းချီဆရာ မြင့်မောက် (M2)၏ လက်ရာဖြစ်သည့် ကတ္တီပါစပေါ်တွင် အနုပညာလက်ရာမြောက်စွာ ရေးဆွဲဖော်ကျူးထားသည့် ကကြိုးရုပ်ပန်းချီကားကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ဗိသုကာလက်ရာ

ယင်းနောက် ပြခန်းအတွင်း ပြသထားသော ပန်းချီကားများကို လှည့်လည် ကြည့်ရှုရာ ပန်းချီဆရာ သန်းမြင့်အောင်၏ ရွှေစက်တော်မြင်ကွင်း ပန်းချီကားမှာ အညာဘုရားဖူးခရီးသွားများ ရှေးရှေးက လှည်းတန်းချီလျက်လာကြပုံကို ဖော်ကျူးထားသည်။ ပန်းချီမောင်ကျော်ညွန့်၏ ရှေးရှမ်းဘုန်းကြီးကျောင်း ဆီဆေးပန်းချီသည် ရှမ်းတိုင်းရင်းသားများ၏ ဗိသုကာလက်ရာမြောက်မှုကို ဖော်ပြလျက်ရှိသည်။

ပန်းချီ တင်မောင်မျှင့်၏ ပုဂံဗိသုကာ အလှပန်းချီကားကို တွေ့ရပြန်တော့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းလိုစိတ် ပိုမိုဖြစ်ပေါ်လာရသည်။ တောင်ငူ စိုးမြင့်လေး၏ နှစ်၁၀၀ကမြန်မာ့လှေ အမည်ရှိပန်းချီကားကလည်း နှစ်ပေါင်း ၁၀၀ ခန့်က မြန်မာတို့၏အနုပညာလက်ရာမြောက်စွာ လှေများတည်ဆောက်ထားပုံကို ဂုဏ်ယူမိပြန်သည်။ နိုင်သူ၏ နွားကျောင်းသား ပန်းချီကားကမူ ကျေးလက်သဘာဝ မြင်ကွင်းဆီသို့ ခေါ်ဆောင်သွားနိုင်သည်။

စည်းလုံးညီညွတ်

တစ်ဖန်နေဝင်းအောင်၏ တောင်သမန်အင်းနှင့် ဦးပိန်တံတား ပန်းချီကားကလည်း ကြည်နူးဖွယ်ရာ မြင်ကွင်းအလှကို အတိအကျ ဖော်ညွှန်းထားသည်။ ပန်းချီဆရာ လှထွဏ်း၏ ဘုရားကစောင့်နေမယ်ပန်းချီကားမှာ ဘုရားနှင့် ဧရာဝတီ မြစ်ကြီးတို့၏ တင့်တယ်နေပုံမှာ ဆွဲဆောင်မှုအပြည့် ရှိလှသည်။ တစ်ဖန် ဝင်းသော်၏ လှည်းဝိုင်း ပန်းချီကားမှာ ပုဂံခေတ်က လှည်းဝိုင်းဖွဲ့၍ စည်းလုံးညီညွတ်စွာဖြင့် ခရီးသွားလာကြပုံကို အမှတ်ရစေသည်။

ဧရာဝတီ၏အလှ

ယင်းမှတစ်ဆင့် မင်းဝေအောင်၏ သံသရာအမည်ရှိ သံဃာတော်များ ဆွမ်းခံကြွချီပုံမှာလည်း အထူးလက်ရာမြောက်လှသည့် ပန်းချီကားတစ်ချပ်ဖြစ်သည်။ မောင်ဖေသဏ်း၏ ဧရာဝတီအလှပန်းချီကားမှာ မေခနှင့်မလိခတို့၏ ပေါင်းဆုံရာဧရာဝတီမြစ်ကြီး၏ အလှကို ဖော်ညွှန်းထားသည်မှာ အသက်ဝင်လှသည်။

ကတ္တီပါစပေါ်တွင်ရေးဆွဲထား

ထို့အပြင် ပန်းချီဆရာမြင့်မောက် (M2)၏ ကတ္တီပါလိုက်ကာ အဖွင့် ပန်းချီကားမှာလည်းကတ္တီပါစပေါ်တွင် ရေးဆွဲထားခြင်းဖြစ်၍ ရှားပါး တွေ့ရခဲသော ပန်းချီအမျိုးအစားဖြစ်နေကြောင်း သိရသည်။ နီပိုဦး၏ ရွာအဝင် ပန်းချီကားမှာလည်း ကျေးလက်ဓလေ့ကို ဖော်ညွှန်းနေသည်။

တစ်ဖန်မြတ်အောင်၏သစ်ဆွဲဆင် ပန်းချီမှာလည်း သစ်လုပ်သားများ၏ ဘဝကို ထင်ဟပ်သည်။

ထို့အပြင် နေထွန်း၏ ကြာပန်း ပန်းချီမှာမူ ရေကန်အသင့် ကြာအသင့် ဆိုသလိုပင် လိုက်ဖက်ကိုက်ညီမှု ရှိလှသည်။ ထွန်းအောင်၏ သူတို့လေးတွေ ရေခပ်နေ ပန်းချီကားမှာလည်း နာဂတိုင်းရင်းသား ကလေးငယ်များ၏ ဝါးကျည်တောက်များဖြင့် ရေခပ်နေသည်မှာ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ကို ဖော်ညွှန်းနေသည်။

ကြိတ်ကြိတ်တိုးစည်ကား

အချုပ်အားဖြင့် တင်ပြရလျှင် ပြခန်း၌ ပြသထားသောပန်းချီကားများအားလုံး လက်ရာလက်သားများ အလွန်ကောင်းမွန်သည့် ပန်းချီကားများဖြစ်သည်။ ပြပွဲမှာလည်း ပန်းချီချစ်မြတ်နိုးသူများ၊ ပန်းချီပညာလေ့လာလိုက်စားလိုသူများနှင့် ပန်းချီကားဝယ်ယူသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။ ပြပွဲကို မတ် ၁၅ ရက်မှ စတင်ဖွင့်လှစ်ပြသခဲ့ရာ မတ် ၂၁ ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသထားကြောင်း၊ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း ပန်းချီကားများ၊ ပန်းချီပညာများနှင့် စပ်လျဉ်းပြီး သိရှိလိုသည်များကိုလည်း ပန်းချီဆရာများ ကိုယ်တိုင်ရှင်းပြပေးလျက်ရှိပါကြောင်း ပန်းချီရသခံစားနိုင်စေရန် သတင်းဆောင်းပါးအဖြစ် တင်ဆက် လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မန်းချောင်းနံဘေး ရွှေစက်တော်ဘုရားဖူး လှည်းဝိုင်းများနှင့် နံနက်ခင်းမြင်ကွင်းအလှကို ထင်ဟပ်အောင် ရေးခြယ်ထားသည့် သန်းမြင့်အောင်၏လက်ရာ နံနက်စောစောပန်းချီကား။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ကိုရီးယားသရုပ်ဆောင်မင်းသမီး ကင်ဟီဆွန် ဂျပန်ပြည်သူများအကြား ကျော်ကြားလာ

တောင်ကိုရီးယားနာမည်ကြီးသရုပ်ဆောင် မင်းသမီးကင်ဟီဆွန်သည် ဂျပန်ပြည်သူများအကြား ရေပန်းစားလူကြိုက်များလာသော သရုပ်ဆောင်မင်းသမီးတစ်ဦး ဖြစ်သည်။ **(ဝဲပုံ)**

သူမသည် အချစ်ဗီဒီယိုဇာတ်ကားများတွင် နာမည်ကြီး သရုပ်ဆောင်မင်းသမီးတစ်ဦးဖြစ်ပြီး သရုပ်ဆောင်မင်းသမီးအပြင် စန္ဒရားတီးခြင်းနှင့် သီချင်းဆိုခြင်း၌လည်း ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

အထူးအားပေး

မကြာသေးမီက ထွက်ရှိလာသည့် သူမ၏တေးစီးရီးမှာ ကြေကွဲဆွေးမြည့်ဖွယ်ရာ အချစ်သီချင်းများဖြစ်၍ ဂျပန်ပရိသတ်များ၏ အထူးနှစ်ခြိုက်စွာ အားပေးခြင်းခံရကြောင်း သိရသည်။

သူမ၏အချစ်သီချင်းများကို ဖူဂျီရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့ပြီးနောက် ပိုမိုနာမည်ကျော်လာခဲ့သည်။ **(ကိုးကားချက်–အင်တာနက်)**

နေရောင်ခြည်စွမ်းအင်သုံးလှေ

ဆွစ်ဇာလန်နိုင်ငံ ရီဗာကွန်လက်စ်ဘိန်းစ်၌ ပုလဲနက်နေရောင်ခြည်စွမ်းအင်အသင်းက တီထွင်ထုတ်လုပ်လိုက်သည့် နေရောင်ခြည်စွမ်းအင်သုံး လှေပုံစံငယ်ကို အဆိုပါအသင်းမှ ဥက္ကဋ္ဌဖြစ်သူ ရာဖေးလ်ဒွန်ဂျန်က သတင်းစာရှင်းလင်းပွဲလုပ်ကာ သတင်းထောက်များအား ရှင်းပြခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါနေရောင်ခြည်စွမ်းအင်အသင်းက နေရောင်ခြည်စွမ်းအင်သုံးလှေဖြင့် ကမ္ဘာကိုပထမဆုံးအကြိမ်ပတ်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း အသင်းတည်ထောင်သူ ရာဖေးလ်ဒွန်ဂျန်က ဆက်လက်ပြောဆိုသည်။ **(ကိုးကားချက်–အေပီ)**

လက်မ ၄၀၀ အထိ ဆီးနှင်းများဖုံးလွှမ်း

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် စကိတ်စီးအပန်းဖြေစခန်းတစ်ခုရှိ နေအိမ်ခေါင်မိုးပေါ်တွင် ဆီးနှင်းများထူထပ်စွာကျရောက်ခဲ့သဖြင့် လက်မ ၄၀၀ ခန့် ရေခဲထုကြီးဖုံးလွှမ်းနေသည်ကို မတ် ၁၆ရက်က တွေ့မြင်ကြရသည်။ **(ဝဲပုံ)**

ယင်းကဲ့သို့ အဆိုပါစကိတ်စီး အပန်းဖြေစခန်း၌ ရေခဲထုပမာဏ လက်မ ၄၀၀အထိ မြင့်တက်ခဲ့ခြင်းမှာ ၂၇နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ **(ကိုးကားချက်–အေပီ)**

အင်တာနက် သတင်း နှင့် ဓာတ်ပုံ

18-3 (06).p65 1 3/12/32, 1:29 PM

ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်ဓမ္မာရုံကြီး၌ မတ်၁၉ရက်တွင် ဗုဒ္ဓဂယာကျောင်းတိုက်မှ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိဏီ)ဆရာတော်ကလည်းကောင်း၊ ၂၀ရက်မှ၂၉ရက်အထိ အောင်ဆန်းမြို့တောရတပ်ဦးကျောင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ ၇၇၊ အောင်ဆန်းမိုးကုတ်ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရကလည်းကောင်း ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

နတ်လူသာဓုခေါ်စေဖို့

- ✱ အမေရိကန်စံ
  အခြေခံကာရေး
  လူ့အခွင့်အရေးအစီရင်ခံစာ
  ကြည့်လိုက်ပါက
  ကမ္ဘာတစ်လွှား၊ မြောက်မြားနိုင်ငံ
  အတန်တန်သည်၊ အမေရိကန်စံ
  အံမဝင်တာ၊ တွေ့နိုင်ပါ၏။
- ✱ ဤသည့်ခြေနေ၊ ကြည့်လိုက်လေက
  လူတွေများပြား၊ ကမ္ဘာသားတို့
  ရှိထားအမှန်၊ စိတ်သန္တာန်သည်
  အမေရိကန်၏၊ ပုံစံချထား
  လူ့အခွင့်အရေးများကို
  လားလားမျှပင်၊ မကြိုက်ချင်ကြောင်း
  ကောင်းကောင်းဖော်ပြ၊ မြင်နိုင်ကြ၏။
- ✱ ဤဖော်ပြမှု၊ သတိပြု၍
  ရှေးရှုနောင်ခါ၊ ကိုယ့်ပြည်ရွာကို
  ကမ္ဘာ့လူသား၊ များအပြား၏
  စိတ်ထားနှင့်အညီ၊ ပြုပြင်သည်က
  ဒီမိုကရေစီ၊ တိုင်းပြည်ထိပ်သီး
  ဂုဏ်ဟိတ်ကြီးကို၊ ဖြည့်ဆည်းနိုင်မှာ
  မလွဲပါဟု၊ စေတနာရှေးရှု
  အကြံပြုသည်
  နတ်လူသာဓုခေါ်စေဖို့။ ။

မိုး၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ပညာပေးဟောပြောပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်တင်တင်မိုး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

မိုးကောင်းစေတီတော်အတွက် အလှူငွေများလှူဒါန်း

ရန်ကုန် မတ် ၁၇

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်တွင် တည်ဆောက်လျက်ရှိသော ဗုဒ္ဓဝင်ပြခန်း ၁၄ခန်းအတွက် အဘအောင်မင်းခေါင်နှင့် သားအောင်ပြည့်စုံ ကောင်းမှုအမှတ် ၆၃ ခွာညို၄လမ်း(၄)ရပ်ကွက် မ/ဥက္ကလာပက အလှူတော်ငွေကျပ် ၆၅၀၀၀၊ ဦးမျိုးမြင့်–ဒေါ်တင်တင်မြင့် မိသားစု အမှတ် ၃၃ ကျောက်ကုန်းလမ်း (၁၄)ရပ်ကွက် ရန်ကင်းမြို့နယ်က အလှူတော်ငွေကျပ် ၂၂၀၀၀၀၊ အဘ အောင်မင်းခေါင်အား အမှူးထား၍ သား တပည့် ဦးမောင်မောင်မြင့်–ဒေါ်ယဉ်မင်း၊ မောင်မောင်မြင့် အမှတ် ၄/၉၁ ဖိုးစိန်လမ်း ဗဟန်းမြို့နယ်က အလှူတော်ငွေကျပ် ၆၅၀၀၀၊ အမေဂျမ်းအားရည်စူး၍ ဦးအောင်ကျော်ဦး–ဒေါ်သိန်းရီ၊ ဒေါ်တင်တင်အေး၊ ဦးဇင်မင်းထွေး၊ ဒေါ်နှင်းနှင်းမြတ်၊ သားသမီးမြေးမြစ်တစ်စုကောင်းမှု အမှတ် ၃ မင်းရဲကျော်စွာလမ်း (၁၄)ရပ်ကွက် ရန်ကင်းမြို့နယ်က အလှူတော်ငွေကျပ် ၆၅၀၀၀၊ ကွယ်လွန်သူ ဦးမောင်ညို၊ ဒေါ်ခင်စိန်နှင့် ဦးမျိုးတင့်၊ မျိုးမင်းသူတို့ကို ရည်စူး၍ ဒေါ်နွယ်နွယ်လွင်၊ မသူဇာမျိုးလွင်၊ မောင်သန်းထွဋ်၊ မောင်ကျော်မင်းလွင်၊ မရီရီမျိုးလွင် ကောင်းမှု အမှတ် ၇၇၀(ခ) (၅)ရပ်ကွက် တ/ဥက္ကလာပက အလှူတော်ငွေကျပ် ၆၅၀၀၀၊ ကွယ်လွန်သူ ဦးသိန်းတန်အားရည်စူး၍ ဇနီးဒေါ်ကျင်မိ၊ သား ဦးအေးရ၊ ဦးလှမြင့်၊ ဦးသိန်းလွင်၊ ဦးတင့်လွင်၊ ဦးမြသန်း၊ သမီး ဒေါ်သိန်းဌေး၊ ဒေါ်တင်တင်အေး၊ ဒေါ်ရီရီချို မိသားစု အမှတ် ၈၂ ရွှေတောင်တန်းလမ်း လမ်းမတော်မြို့နယ်က အလှူငွေကျပ် ၆၅၀၀၀ အလှူတော်ငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော သီရိသုဓမ္မမဏိဇောတရေ ဦးသန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့ထံ လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(က–ပ)

ပြည်တွင်းအခွန်များဦးစီးဌာန အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ပေးအပ်ပွဲနှင့် ပညာပေးဟောပြောပွဲကို ယနေ့ နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ ဇနီး၊ ညွှန်ကြားရေးမှူးများ၏ဇနီးများ၊ အမျိုးသမီးဝန်ထမ်းများနှင့် မိသားစုဝင် အမျိုးသမီးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဇနီး ဒေါ်တင်တင်မိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ ဝန်ထမ်းများ၏ မိသားစုဝင်အမျိုးသမီးများ၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ၂၉၂စောင်ကို ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရင်လှိုင်က ပေးအပ်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နီနီစိန်က လက်ခံသည်။

ထို့နောက် ပါမောက္ခဒေါက်တာ မတင်ဝင်းက **"သူတို့မပါလျှင် ဘယ်နေရာမျှမပြီး"** ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျောက်တံတားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းတာဝန်ခံ ဒေါက်တာ ဒေါ်ခင်ရဲတင့်က ကျန်းမာရေး ပညာပေးဟောပြောသည်။ **(သတင်းစဉ်)**

ရေစကြိုဆရာတော် ဝိဇာတမင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၁၇

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) ကျန်စစ်သားလမ်းရှိ တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ လှိုင်သာယာမြို့နယ် ဆဋ္ဌတိပိဋက ရွှေဥက္ကံ ပရိယတ္တိစာသင်တိုက်၊ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ် တိပိဋကသန္တာဝါသစာသင်တိုက်တို့၏ ပဓာန နာယကဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ၏ သက်တော်(၅၁) နှစ်မြောက် ဝိဇာတမင်္ဂလာ၊ ၁၃၆၇ခုနှစ် တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲတို့၌ ထူးချွန်စွာ အောင်ပန်းဆင်တော်မူခဲ့ကြသော တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်မှ သာသနာ့အာဇာနည် အရှင်မြတ်၁၂ပါးတို့အား ဂုဏ်ပြုပူဇာမင်္ဂလာနှင့် ကျောင်းတိုက်အတွင်းဆောက်လုပ်ပြီးစီးနေပြီဖြစ်သည့် တိပိဋကဓမ္မဗိမာန်တော်ကျောင်းလွှတ် ပူဇာမင်္ဂလာအခမ်းအနားကို (၁၃၆၇ ခုနှစ် တပေါင်းလပြည့်ကျော်၆ရက်) မတ်၁၉ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် တိပိဋကဓမ္မဗိမာန်တော်၊ တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက် ဒဂုံ မြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားနိုးဆော်ထားသည်။

ပူဇော်ပွဲမင်္ဂလာအခမ်းအနားသို့ လှူဒါန်းလိုကြသည့် အလှူရှင်များသည် ကျောင်းတိုက်အကျိုးတော်ဆောင်အဖွဲ့ထံပေးအပ်လှူဒါန်းနိုင်ကြသည်။

(က–ပ)

တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို သွေးလှူဒါန်းမည်

ရန်ကုန် မတ် ၁၇

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ သွေးလှူဒါန်းပွဲကို မတ်၂၁ရက် နံနက် ၉နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌လည်းကောင်း၊ နံနက်၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တန့်ပိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

၁၉၈၈ခုနှစ်က လူ့အခွင့်အရေး ချိုးဖောက်ကြောင်း ဖော်ပြခံရသည့် နိုင်ငံ၅၀တွင် မြန်မာနိုင်ငံ လုံးဝပါဝင်ခြင်း မရှိပေ။

ယနေ့ လူ့အခွင့်အရေး စွပ်စွဲချက်များကို အားအားရှိတိုင်း လုပ်ကြံဖန်တီးထုတ်ပြန်နေသော အမေရိကန်ပြည်ထောင်စုသည် ၁၉၄၈ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးက ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို မလိုလား၊ မထောက်ခံ သည့်အပြင် လူ့အခွင့်အရေး ချိုးဖောက်မှုဖြင့် ထိုစဉ်က လူ့အခွင့်အရေးကော်မရှင်၏ နှစ်စဉ် ပြစ်တင်ရှုတ်ချခံခဲ့ရသည့် နိုင်ငံဖြစ်ခဲ့သည်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သည့် အမေရိကန်ပြည်ထောင်စုက လိုက်နာပါမည်ဟု နောက်ပိုင်းတွင် ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့သည်။ လက်မှတ်ရေးထိုးပြီးနောက် နှစ်နှစ်ခန့်အကြာ၌ အမေရိကန် ဥပဒေပြုအမတ်များက လူ့အခွင့်အရေးကြေညာစာတမ်းကို ဆန့်ကျင်လာကြသဖြင့် အမေရိကန် အစိုးရက နောက်နောင် နိုင်ငံတကာ သဘောတူစာချုပ်များတွင် ကွန်ဂရက်ကို တိုင်ပင်ပြီးမှ လက်မှတ်ထိုးပါမည်။ အမေရိကန် အကျိုးစီးပွားကို ထိခိုက်စေမည့် မည်သည့်နိုင်ငံတကာ သဘောတူညီချက်တွင်မှ ပါဝင်လက်မှတ်မထိုးပါဟု ဝန်ခံပြောကြားခဲ့သည်။

ထိုသို့ ဖြစ်ခဲ့ရသည့်ဖြစ်စဉ်မှာ အမေရိကန်နိုင်ငံ အနောက်ဘက်ကမ်းခြေ ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ တရားရုံးတစ်ရုံးက ဒေသခံ ဂျပန်မျိုးနွယ် ဖူဂျီအိဆိုသူနှင့် ပြည်နယ်အစိုးရတို့၏ အမှုကို စစ်ဆေးစီရင်ရာ၌ ပြည်နယ်အစိုးရ၏ လူမျိုး၊ အဆင့်အတန်း၊ အသားအရောင် ခွဲခြားပြဋ္ဌာန်းသော ဥပဒေသည် ကုလသမဂ္ဂပဋိညာဉ် စာတမ်းကိုလည်းကောင်း၊ ကုလသမဂ္ဂ၏ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို လည်းကောင်း ဖောက်ဖျက်ရာရောက်၍ ကယ်လီဖိုးနီးယားပြည်နယ်အစိုးရက ပြဋ္ဌာန်းသောဥပဒေမှာ တရားဥပဒေနှင့်မညီဟု ပြည်နယ်တရားလွှတ်တော်က ဆုံးဖြတ်ခဲ့သည်။ ထိုသို့ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်သည် အမေရိကန်အထက်(ဆီးနိတ်)လွှတ်တော်အထိ ဂယက်ရိုက်သွားခဲ့သည်။

အိုဟိုင်းယိုးပြည်နယ်မှ ဆီးနိတ်အမတ်ဘရစ်ကာက ယခုကဲ့သို့သော ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို အမေရိကန်တရားရုံးများက စွဲမြဲဆုပ်ကိုင်နေကြမည်ဆိုလျှင် အမေရိကန်ပြည်ထောင်စုနှင့် ပြည်နယ်ဥပဒေ ထောင်ပေါင်းများစွာ အလိုအလျောက် ပျက်ပြယ်ကုန်တော့မည်ဟု ဆီးနိတ်လွှတ်တော်သို့ တင်ပြခဲ့သည်။ ဘရစ်ကာက ပြည်နယ်တရားလွှတ်တော်၏ လွတ်လပ်စွာတရားစီရင်ခွင့်ကို စွက်ဖက်ကာ ဆီးနိတ်အမတ်၅၀၏ ထောက်ခံမှုဖြင့် ကွန်ဂရက်လွှတ်တော်၏ ဆုံးဖြတ်ချက်မရရှိဘဲ အမေရိကန်အစိုးရအနေဖြင့် မည်သည့်နိုင်ငံတကာ သဘောတူညီချက်၊ ဆုံးဖြတ်ချက်၊ စာချုပ်တို့တွင်မှ ပါဝင်လက်မှတ်ရေးထိုးခြင်း မပြုရဟူ၍ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန် အဆိုတင်ခဲ့သည်။ ထိုအဆိုကို ဆွေးနွေးကြစဉ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ဖော်စတာဒါးလက်စ်က သမ္မတအိုက်ဆင်ဟောင်ဝါအစိုးရ ကိုယ်စား၊ ပြည်တွင်း လူမှုရေးအခြေအနေ အပြောင်းအလဲဖြစ်စေမည့် အမေရိကန်ပြည်သူတို့နှင့် ပတ်သက်၍ တာဝန်ပိစေမည့် မည်သည့်နိုင်ငံတကာ သဘောတူစာချုပ်တွင်မှ ပါဝင်လက်မှတ်ထိုးမည် မဟုတ်ဟု အာမခံ ကတိပြုခဲ့ရသည်။ ဒါးလက်စ်က "ကျွန်တော်ဆိုလိုတာက အမေရိကန်နိုင်ငံသားတွေကို အကျိုးရှိစေမယ့် စာချုပ်မျိုးကိုသာ နိုင်ငံခြားတိုင်းပြည်များနဲ့ ချုပ်ဆိုမယ်ဆိုတာပါပဲ"ဟု ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ပြည်တွင်း၌ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းတို့ကို ဆန့်ကျင်သွေဖည်ကာ လူ့အခွင့်အရေး တံခါးပိတ်ထားပြီး အခြားနိုင်ငံများအပေါ် မလိုတစ်မျိုး၊လိုတစ်မျိုးမှုဖြင့် လူ့အခွင့်အရေးချိုးဖောက်သည်ဟု လီဆယ်စွပ်စွဲနေခြင်းကို ဤဖြစ်ရပ်များက အထုပ်ဖြေပြနေပေသည်။ ယခုအခါ အမေရိကန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့၊ အမေရိကန် ငွေကြေးထောက်ပံ့ကာ နိုင်ငံအချို့တွင် ခြေကုပ်ယူဖွဲ့စည်းပေးထားသည့် မှိုလိုပေါက်နေသော လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့များကလည်း နိုင်ငံတကာ၏ လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို ဖျက်ဆီးရန် လူ့အခွင့်အရေးစွပ်စွဲချက်များကို စက်နှင့်လှိမ့်ထုတ်နေကြခြင်းပင် ဖြစ်ပေသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

ကုလသမဂ္ဂက လူ့အခွင့်အရေးကောင်စီသစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပြီ
လူ့အခွင့်အရေးကော်မရှင်ကို လူ့အခွင့်အရေးကောင်စီအဖြစ် အစားထိုးပြောင်းလဲ
အမေရိကန်၏ တားဆီးပိတ်ပင်ရန်အားထုတ်မှု မအောင်မြင်
လူ့အခွင့်အရေးကောင်စီဖွဲ့စည်းရေးမဲခွဲရာတွင် အမေရိကန်အထီးကျန်ဖြစ်ရ

၁၆–၃–၂၀၀၆ရက်နေ့ထုတ် International Herald Tribune သတင်းစာပါ Warren Hoge ၏ UN creates new human rights panel; US fails to block move to replace commission ဆောင်းပါးနှင့် ၁၆–၃–၂၀၀၆ရက်နေ့ထုတ် Financial Times သတင်းစာပါ Mark Turner ၏ UN human rights vote leaves US isolated ဆောင်းပါးပါ အချက်အလက်တို့ကို မြန်မာဘာသာသို့ ကောက်နုတ်ပြန်ဆိုဖော်ပြအပ်ပါသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ကို လူ့အခွင့်အရေးကောင်စီအဖြစ် အသစ်ပြင်ဆင် ဖွဲ့စည်းရေးအတွက် အထွေထွေညီလာခံတွင် မတ်လ၁၅ရက်နေ့က မဲခွဲဆုံးဖြတ်ကြရာ အခြားနိုင်ငံအများစုနှင့်ဆန့်ကျင်၍ အမေရိကန်က ကန့်ကွက်မဲပေးခဲ့သည့်အတွက် အမေရိကန်အဖို့ သင်းကွဲမျောက် တစ်ကောင်ကြွက်ဘဝဖြင့် အထီးကျန်ဖြစ်ခဲ့ရသည်။

အမေရိကန်က ဆန့်ကျင်နေသော်လည်း ကုလသမဂ္ဂသည် ဗုဒ္ဓဟူးနေ့က လူအများ၏ ယုံကြည်မှုကို မရရှိတော့သည့် လူ့အခွင့်အရေးကော်မရှင်ကို လူ့အခွင့်အရေးကောင်စီသစ်တစ်ရပ်ဖြင့် အစားထိုးရန် တစ်ခဲနက် အတည်ပြုလိုက်သည်။ အဖွဲ့ဝင် ၁၉၁နိုင်ငံပါဝင်သော အထွေထွေညီလာခံကြီးတွင် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၇၀မဲ၊ ကန့်ကွက်မဲ လေးမဲ၊ ကြားနေမဲသုံးမဲတို့ဖြင့် လူ့အခွင့်အရေးကောင်စီသစ်ကို အတည်ပြုလိုက်ခြင်းဖြစ်သည်။ အမေရိကန်နှင့်အတူ ကန့်ကွက်မဲပေးသော နိုင်ငံများမှာ အစ္စရေးနိုင်ငံ၊ မာရှယ်ကျွန်းနိုင်ငံနှင့် ပါလာအူလ်နိုင်ငံတို့ဖြစ်ကြသည်။ ကြားနေမဲ ပေးသောနိုင်ငံများမှာ ဘီလာရုစ်၊ အီရန်နှင့် ဗင်နီဇွဲလားတို့ဖြစ်သည်။

လွန်ခဲ့သော တစ်နှစ်ခန့်ကတည်းက လူ့အခွင့်အရေးကော်မရှင်ကို အစားထိုးရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ကိုဖီအာနန်က အဆိုပြုခဲ့သည်။ ကိုဖီအာနန်က ယခုဆုံးဖြတ်ချက်ကို ချီးကျူးလိုက်ပြီး ကုလသမဂ္ဂအဖို့ ကမ္ဘာတစ်ခွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စဆောင်ရွက်ရာတွင် ကဏ္ဍသစ်စတင်ရန် အလွန်လိုအပ်နေသော အခွင့်အလမ်းတစ်ရပ် ရရှိခြင်းပင် ဖြစ်သည်ဟုဆိုသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျွန်ဘော်လ်တန်ကမူ ယခုအတည်ပြုလိုက်သော လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေးကော်မရှင်ထက် ပိုကောင်းမလာပါဟုဆိုသည်။ သို့သော် အမေရိကန်အနေဖြင့် လူ့အခွင့်အရေးကောင်စီ၏လုပ်ငန်းများပိုမိုအင်အားရှိစေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်းဆိုသည်။

အမေရိကန်အနေဖြင့် လူ့အခွင့်အရေးကောင်စီ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးကို ဘော်လ်တန်က တစ်စုံတစ်ရာပြောမသွားပေ။ လူ့အခွင့်အရေးကောင်စီတွင် အမေရိကန်က အဖွဲ့ဝင်အဖြစ် ပါဝင်ရေး မပါဝင်ရေးကို ဆွေးနွေးနေဆဲဖြစ်သည်ဟု ဘုရှ် အစိုးရ၏အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်။

INTERNATIONAL Herald Tribune | AMERICAS
SEARCH
HOME | BUSINESS | TECH | TRAVEL | STYLE | CULTURE | HEALTH/SCI | SPORTS | OPINION
TODAY IN AMERICAS
LANGUAGE TOOLS

UN creates new human rights panel

By Warren Hoge The New York Times
THURSDAY, MARCH 16, 2006

UNITED NATIONS, New York With the United States virtually alone in opposition, the United Nations on Wednesday overwhelmingly approved a new Human Rights Council to replace the widely discredited Human Rights Commission.

The vote in the 191-nation General Assembly was 170 to 4 with 3 abstentions.

Joining the United States in opposing the resolution were Israel, the Marshall Islands and Palau. Abstaining were Belarus, Iran and Venezuela.

Secretary General Kofi Annan, who first proposed the council a year ago, hailed the decision, saying, "This gives the United Nations the chance - a much-needed chance - to make a new beginning in its work for human r... around the world."

But John Bolton, the United States ambassador, said the proposed council was "not sufficiently impr... over the commission, which has faulted for permitting notorious ri... abusers to become members.

"We must not let the victims of h...

လူ့အခွင့်အရေးကောင်စီသစ်၏ အဖွဲ့ဝင်များရွေးချယ်ပွဲကို မေလ၉ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပြီး ယင်းကောင်စီ၏ ပထမဆုံးအစည်းအဝေးကို ဇွန်လ၁၉ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။ လက်ရှိ လူ့အခွင့်အရေးကော်မရှင်၏ နှစ်ပတ်လည်အစည်းအဝေးကို ဂျီနီဗာမြို့တွင် လာမည့်ရက်သတ္တပတ်၌ ကျင်းပမည်ဖြစ်ပြီး ထိုကော်မရှင်ကို ဇွန်လ၁၆ရက်နေ့တွင် ဖျက်သိမ်းမည်ဖြစ်သည်။

လက်ရှိ လူ့အခွင့်အရေးကော်မရှင်တွင် အဖွဲ့ဝင်၅၃နိုင်ငံပါဝင်ပြီး ယခုဖွဲ့စည်းမည့် လူ့အခွင့်အရေးကောင်စီသစ်တွင် အဖွဲ့ဝင် ၄၇နိုင်ငံသာ ပါဝင်မည်ဟုသိရသည်။ အကျပ်အတည်းများ ပေါ်ပေါက်သောအခါ အချိန်မီဝင်ရောက် ဟန့်တားနိုင်ရန် ထိုကောင်စီသစ်က ဆောင်ရွက်မည်ဟု ဆိုသည်။

လူ့အခွင့်အရေးကောင်စီသစ်ကို ဂျီနီဗာတွင် ရုံးစိုက်ကာ တစ်နှစ်လျှင် အစည်းအဝေးသုံးကြိမ် ကျင်းပမည်ဖြစ်ပြီး အနည်းဆုံး ရက်သတ္တပတ်၁၀ပတ် ရုံးထိုင်မည်ဖြစ်သည်။ လက်ရှိကော်မရှင်က တစ်နှစ်လျှင်ခြောက်ပတ်သာ ရုံးထိုင်သည်ဟုဆိုသည်။

လူ့အခွင့်အရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်ရေးနှင့်ပတ်သက်၍ ကိုဖီအာနန်၏ မူလအဆိုပြုချက်၌ အားနည်းချက်များရှိကြောင်း၊ ယင်းမှာ အဖွဲ့ဝင်ဖြစ်မည့်နိုင်ငံကို အဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံသော ထောက်ခံမဲရမှသာ လက်ခံအတည်ပြုရန်ဟူသော စည်းကမ်းဖြစ်ကြောင်း၊ သို့ရာတွင် ယခုပြင်ဆင်အတည်ပြုလိုက်သော စည်းကမ်းချက်တွင် အဖွဲ့ဝင်နိုင်ငံများ၏ လေးပုံသုံးပုံက ထောက်ခံမဲပေးမှသာလျှင် နိုင်ငံတစ်နိုင်ငံကို အဖွဲ့ဝင်အဖြစ် လက်ခံမည်ဖြစ်ကြောင်းသိရသည်။

လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများကလည်းကောင်း၊ အမေရိကန်၏ အပေါင်းပါနိုင်ငံများက လည်းကောင်း ယခုကိစ္စတွင် အမေရိကန်အနေဖြင့် ဆန့်ကျင်မဲပေးသည်ကို ပြန်လည်စဉ်းစားရန် အမေရိကန်ကို တိုက်တွန်းခဲ့ကြသည်။ လက်ရှိ လူ့အခွင့်အရေးကော်မရှင်၏ စည်းကမ်းများထက်စာလျှင် ယခု အတည်ပြုလိုက်သော လူ့အခွင့်အရေးကောင်စီ၏ စည်းကမ်းများက ပိုမိုကောင်းမွန်သည့်အပြင် လူ့အခွင့်အရေးချိုးဖောက်သည့်နိုင်ငံများကိုလည်း အဖွဲ့ဝင်နိုင်ငံဖြစ်မလာစေရေး ဟန့်တားထားပြီးဖြစ်သည်ဟု ဆိုကြသည်။ သို့သော် အမေရိကန်က လက်မခံဘဲ ငြင်းဆန်ကာ ကန့်ကွက်မဲပေးခဲ့ခြင်းဖြစ်သည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၈–၃–၂၀၀၆ရက်

(စနေနေ့) နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ အကပြိုင်ပွဲ
၈း၀၅ ၇။ ပိုင်ကျုံရေထိန်းတံခါး
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၅ ၅။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၂း၅၅ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃း၀၅ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **"နွေးထွေးစွာကြိုဆိုခြင်း"** သျှားညီ၊ မင်းသူ၊ ဇာနည်၊ မင်းထက်ကျော်ဇင်၊ မြသဥ္ဇာလီ၊ ခိုင်နှင်းဝေ၊ ဆုပန်ထွာ (ဒါရိုက်တာ–သက်တင်)
၁၄း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၃၅ ၉။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မြင့်ဝေ၊ ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော် (ဒါရိုက်တာ–မောင်ယဉ်ကျော်)
၁၄း၄၅ ၁၀။ International News.
၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၅)ခုနှစ်
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇း၀၀ ၅။ တေးဂီတအစီအစဉ်
၁၇း၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၂၅ ၇။ တေးဂီတအစီအစဉ်
၁၇း၃၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ Discovery
၁၈း၅၀ ၁၂။ အကပြိုင်ပွဲ
၁၉း၀၀ ၁၃။ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းများ
၁၉း၁၅ ၁၄။ အတီးပြိုင်ပွဲ
၁၉း၃၀ ၁၅။ တေးဂီတအစီအစဉ်
၁၉း၄၀ ၁၆။ ဝမ်ပုံရေလှောင်တမံ
၁၉း၄၅ ၁၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း–၃၁)
၂၂။ နောက်တစ်နေ့အစီအစဉ်

ကိုးဘွဲ့ရဆရာတော်ဓမ္မသဘင်

ရန်ကုန် မတ် ၁၇

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ သာသနာပြုနယ်လှည့်ဓမ္မကထိက နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် မတ် ၂၁ရက်နှင့် ၂၂ရက်တို့တွင် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် နဘဲပင်ကျေးရွာ ဓမ္မသဘင်၊ ၂၃ရက်၌ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ဘုရားရင်ပြင် ထေရဝါဒအထူးဓမ္မသဘင်၊ ၂၅ရက်နှင့် ၂၆ရက်တို့တွင် ကော့မှူးမြို့နယ် လာဝတီကျေးရွာ မလွန်ဆန်လှူဓမ္မသဘင်၊ ၂၇ရက်၊၂၈ရက်၊၂၉ရက်နှင့် ၃၀ရက်တို့တွင် ကော့မှူးမြို့နယ် မလွန်ဆန်လှူ ဓမ္မသဘင်၊ ၃၁ရက်နှင့် ဧပြီ၁ရက်တွင် ကွမ်းခြံကုန်းမြို့နယ် မလွန်ဆန်လှူဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

တရားပွဲရက် ရရှိပြီးသူများသည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းလမ်းဆုံအနီး ကုလားကျောင်းမှတ်တိုင် အောင်မေတ္တာလမ်းသွယ် ၁ရှိ မယ်တော်ကြီး ဒေါ်ညို ဖုန်း–၀၁–၇၀၈၄၀၃၊ တစ်ဆင့်ဖုန်း ၀၁– ၆၆၄၉၀၉ သို့ဆက်သွယ်ပင့်ဆောင်ကြရန်ဖြစ်ကြောင်းသိရသည်။ (က–ပ)

☆ **ရှေ့ဖုံးမှ**

ထို့နောက် တိုင်းမှူးသည် မိုင်းပျဉ်း တပ်နယ်/ခြံစည်းရိုး ကြက်ဆူပျိုး ဥယျာဉ်တွင်ကျင်းပသည့်ခြံစည်းရိုး ကြက်ဆူပင်ပျိုးထောင်စိုက်ပျိုးပွဲအခမ်း အနားသို့ တက်ရောက်၍ ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့်မျိုးကိုင်းပင်များကို ပျိုးအိတ်များတွင်ထည့်သွင်းပျိုးထောင် စိုက်ပျိုးပေးပြီး တက်ရောက်လာကြ သည့်အရာရှိ၊ စစ်သည်၊ မိသားစုဝင် များက ခြံစည်းရိုးကြက်ဆူမျိုးကိုင်း၊ မျိုးစေ့ ၃၀၀၀၀ကို တပျော်တပါးပျိုး ထောင်နေမှုအား လှည့်လည်ကြည့်ရှု အားပေးသည်။

မိုင်းပျဉ်းမြို့နယ်တွင် ခြံစည်းရိုး ကြက်ဆူပင် ၁၂၃ဧက စိုက်ပျိုးထား ရှိပြီး ခြံစည်းရိုး ကြက်ဆူမျိုးကိုင်း၊ မျိုးစေ့ ပျိုးပင်စုစုပေါင်း ၂၃၁၂၀၀ ပြုစုပျိုးထောင်ထားရှိကာ သတ်မှတ် ဧကပြည့်မီကျော်လွန်အောင်စိုက်ပျိုး လျက်ရှိကြောင်းသိရသည်။

ညှိနှိုင်းဖြည့်ဆည်း

ထိုမှတစ်ဆင့်တိုင်းမှူးသည်မိုင်းပျဉ်း မြို့ စုပေါင်းခန်းမတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့်ဒေသခံပြည်သူ များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုး တက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြား ကာ လိုအပ်သည်များ ညှိနှိုင်းဖြည့် ဆည်းဆောင်ရွက်ပေးသည်။

အားကစားပစ္စည်း

ထို့နောက် တိုင်းမှူးက မိုင်းပျဉ်း မြို့နယ်အတွက် အားကစားပစ္စည်း များကိုပေးအပ်ရာ မိုင်းပျဉ်းမြို့နယ် ဥက္ကဋ္ဌ ဦးသိန်းဝင်းက လက်ခံရယူ သည်။

ယင်းနောက်တိုင်းမှူးသည် မိုင်းပျဉ်း မြို့ မြို့ပတ်လမ်း ဖောက်လုပ်ရေး လုပ်ငန်းခွင်သို့ရောက်ရှိကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိ သည်။ **(သတင်းစဉ်)**

ရေပိုလွှဲအမှတ်(၁)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၁)မှ တည်ဆောက်ခဲ့သည့် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်း ကျေးရွာအနီး ရဲနွယ်ရေလှောင် တမံ ဘက်စုံစီမံကိန်း ရေပိုလွှဲ အမှတ်(၁) တည်ဆောက်ပြီးစီးမှု ကို မတ် ၃ရက်က ဤသို့တွေ့ရ သည်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

■ **ကျောဖုံးမှ**

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက် မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၃ နိုင်ငံ၊ ကုမ္ပဏီ ၃၀၂ ခုမှ ရတနာ ကုန်သည် ၁၁၃၆ ဦးနှင့် ပြည်တွင်း ကုမ္ပဏီ ၃၄၄ ခုမှ နိုင်ငံသား ရတနာ ကုန်သည် ၈၀၄ဦး စုစုပေါင်း ၁၉၄၀ ရောက်ရှိနေကြသည်။

ယင်းသို့ ရောက်ရှိနေကြသော ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် တက် ရောက်ကြသူများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကုမ္ပဏီ၂၃၉ ခုမှ ရတနာကုန်သည် ၉၅၃ ဦး၊ စင်ကာပူ နိုင်ငံကုမ္ပဏီ ငါးခုမှ ရတနာ ကုန်သည် ခုနစ်ဦး၊ ထိုင်းနိုင်ငံကုမ္ပဏီ ၃၇ ခုမှ ရတနာကုန်သည် ၁၄၅ ဦး၊ အင်္ဂလန် နိုင်ငံကုမ္ပဏီ နှစ်ခုမှ ရတနာကုန်သည် နှစ်ဦး၊ အမေရိကန်ပြည်ထောင်စု ကုမ္ပဏီသုံးခုမှ ရတနာကုန်သည် လေး ဦး၊ ဂျပန်နိုင်ငံကုမ္ပဏီ ရှစ်ခုမှ ရတနာ ကုန်သည် ၁၄ဦး၊ သီရိလင်္ကာ ဒီမို ကရက်တစ်သမ္မတနိုင်ငံ ကုမ္ပဏီ တစ်ခု မှ ရတနာကုန်သည်တစ်ဦး၊ ကနေဒါ နိုင်ငံကုမ္ပဏီတစ်ခုမှ ရတနာကုန်သည် တစ်ဦး၊ ပြင်သစ်နိုင်ငံကုမ္ပဏီ တစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ရုရှား ဖက် ဒရေးရှင်းနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာ ကုန်သည်တစ်ဦး၊ ဩစတြေးလျနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည် တစ်ဦး၊ စပိန်နိုင်ငံ ကုမ္ပဏီနှစ်ခုမှ ရတနာကုန်သည်လေးဦး၊ မလေးရှား နိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန် သည်နှစ်ဦးတို့ဖြစ်ကြသည်။

ကြည့်ရှုလေ့လာ

အဆိုပါ ရောက်ရှိနေကြသော ပြည်တွင်းပြည်ပမှ ရတနာကုန်သည် များသည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက် မျက်ရတနာအတွဲများကိုစိတ်ပါဝင်စား စွာဖြင့် ကြည့်ရှုလေ့လာကြသည်။

၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီ အစဉ်အရ ပြပွဲသို့တက်ရောက်လာကြ သော ပြည်တွင်းပြည်ပရတနာကုန် သည်များသည် မတ် ၁၅ ရက်မှ မတ် ၁၇ ရက်အထိ ကျောက်မျက်ရတနာ အတွဲများကိုကြည့်ရှုလေ့လာ၍ မတ် ၁၈ ရက်တွင် ပုလဲအတွဲများကို တင်ဒါ စနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်လည်း ကောင်း၊ မတ် ၁၉ ရက်နှင့် ၂၀ ရက် တို့တွင် ကျောက်မျက်ရတနာ အတွဲ များကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ် တို့ဖြင့်လည်းကောင်း၊ မတ် ၂၁ ရက်မှ ၂၄ ရက်တို့တွင် ကျောက်စိမ်း အတွဲ များကို တင်ဒါစနစ်၊ ဈေးပြိုင် စနစ် တို့ဖြင့် လည်းကောင်း အသီးသီး ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

● **ကျောဖုံးမှ**

ထို့အပြင် အထူးခြားဆုံးမှာ ရေ အားလျှပ်စစ်ထုတ်ယူနိုင်စွမ်းရှိခြင်းပင် ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်ကြောင့် ဒေသခံတို့ လျှပ်စစ်မီးရရှိနိုင်မည် ဖြစ်သည်။ ကျေးလက်နေပြည်သူတို့ လူမှုစီးပွားဘဝ မြင့်မားစေရန် ပြုလုပ် ပေးမည့် ရေလှောင်တမံဖြစ်သည်။

ရဲနွယ်ရေလှောင်တမံစီမံကိန်းကို ၇–၁၂–၂၀၀၁ ရက်တွင် စတင် အကောင်အထည်ဖော်တည်ဆောက် ခဲ့ရာ ရေလွှဲဥမင်တည်ဆောက်ခြင်း၊ ကွန်ကရစ်လိုင်းနင်းလုပ်ကိုင်ခြင်း၊ ရေပိုလွှဲ အမှတ်(၁)နှင့်အမှတ်(၂)တို့ ကို ဆောင်ရွက်ခြင်းနှင့် ပင်မတမံ တည်ဆောက်ခြင်းများမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

ထိရောက်စွာ

ရဲနွယ်ရေလှောင်တမံကြောင့် ပြွန် တန်ဆာလွင်ပြင်တွင် ရေလွှမ်းခြင်းမှ အကာအကွယ်ပေးနိုင်တော့မည်။ နှစ်စဉ် စစ်တောင်းမြစ်မှရေကြီးမှုကို ၆၀ ရာခိုင်နှုန်းသက်သာအောင်ဆောင်ရွက် ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် စိုက်ပျိုးဧက နှစ်သိန်းကျော်ကို အကျိုး ပြုစေမည့်အပြင် ဒေသစိမ်းလန်းစို ပြည်ရေးနှင့်ကြက်ဆူပင်စိုက်ပျိုးရေး စီမံကိန်းများကိုထိရောက်စွာအကျိုးပြု မည်ဖြစ်သည်။

သီးနှံအထွက်တိုးတက်

ဤရေလှောင်တမံကြောင့် ဒေသခံ တောင်သူတစ်ဦးချင်း၏ဝင်ငွေတိုးတက် မြင့်မားအောင် အထောက်အကူပြု မည်ဖြစ်ပြီး သီးနှံစိုက်ပျိုးအထွက် တိုးစေအောင်လည်း အဓိကပံ့ပိုးကူညီ ပေးနိုင်မည်ဖြစ်ရာ ဒေသခံပြည်သူတို့ အကျိုးဖြစ် ထွန်းစေမည့် စီမံကိန်း ဖြစ်သည်။

ရဲနွယ်ရေလှောင်တမံကို မကြာမီ ကာလအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်းရေးသား လိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ပရိယတ္တိသဒ္ဓမ္မောဒယစာမေးပွဲစာအောင်ဆုနှင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ သစ်ပင်ထောင်ပရိယတ္တိစာသင်တိုက်မှ နာယကဆရာတော် ဘဒ္ဒန္တဝါယာမနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသုနေမိန္ဒတို့က တာဝန်ယူကျင်းပအပ်သော (၁၂)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မောဒယစာမေးပွဲတော်ကြီးကို ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလဆန်း ၁၃ရက်အထိ ခြောက်ရက်တိုင်တိုင် သစ်ပင်ထောင်ပရိယတ္တိစာသင်တိုက်ကြီး၏ အတွင်း၌ ကျင်းပရာ အေးသာယာ မြို့ပေါ်၌ သစ်ပင်ထောင်စာသင်တိုက်၊ နောင်အင်စာသင်တိုက်၊ မုံတဝစာသင်တိုက်၊ အောင်မြင်ဇေယျာစာသင်တိုက် စုစုပေါင်း သာသနာ့အာဇာနည် စာဖြေသံဃာတော်များအပါး ၈၀တို့ ဝင်ရောက်ဖြေဆိုတော်မူကြသည်။

စာအောင်လက်မှတ်ဆက်ကပ်ပွဲကို မတ် ၁၂ ရက်၌ ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ သစ်ပင်ထောင်ရွာဥက္ကဋ္ဌ ဦးငုံ၊ အမှတ်(၃)ရပ်ကွက်ထုံးဖို(အတွင်းရေးမှူး) ဦးဆန်းအောင်တို့နှင့်တကွ သာသနာ့ဥပထမ္ဘကအဖွဲ့၊ ပုညကာရီ အမျိုးသမီးအဖွဲ့၊ သာသနာ့ဝေယျာဝစ္စအဖွဲ့နှင့် ရပ်နီးရပ်ဝေးအလှူရှင်များ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ဂျပန်အစိုးရဆေးရုံသုံးပစ္စည်းများ ထောက်ပံ့အကူအညီပေးမှု သဘောတူစာချုပ်လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၁၇

ဂျပန်နိုင်ငံအစိုးရက ဂျပန်နိုင်ငံ အောက်ခြေအထိ အကူအညီပေးရေး အစီအစဉ်(Japan's Grassroots Grant)မှတစ်ဆင့် ရန်ကုန်မြို့ ဗဟန်း မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး သို့ အမေရိကန်ဒေါ်လာ ၈၂၃၁၃တန် ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ အကူအညီပေးမှုဆိုင်ရာ သဘောတူ စာချုပ်ကို မတ်၉ရက်တွင် ယင်းဆေးရုံ ကြီး၌ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး)၊ အတွင်း ရေးမှူး ဦးမောင်မောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးမှ Deputy Chief of Mission, Mr. Hiroshi Kawamura တို့က လက်မှတ်ရေးထိုးကြသည်။

အဆိုပါ စာချုပ်အရ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် ခေတ်မီ မျက်စိခွဲစိတ်ကိရိယာ(Phaco Machine)၊ ဓာတ်မှန်ရိုက်စက်၊ ခွဲစိတ် ကုလူနာများအတွက် မေ့ဆေးပေးစက်၊ သွားနှင့်ခံတွင်းရောဂါကုဌာနအတွက် ခေတ်မီလူနာစမ်းသပ်ထိုင်ခုံများ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုသမှု အတွက် ပစ္စည်းများ၊ ဓာတ်ခွဲခန်း အတွက် လိုအပ်သော ပစ္စည်းများကို ရရှိမည်ဖြစ်သည်။

ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ လာလာ သမျှ မကျန်းမာသူ ဂိလာနပုဂ္ဂိုလ် ဟူသမျှကို အခမဲ့ဆေးဝါးကုသပေး ရန်ဟူသော မူလရည်ရွယ်ချက်နှင့်အညီ ရဟန်းတော်များ၊ သီလရှင်များ၊ လူ ပုဂ္ဂိုလ်များ၏ ကျန်းမာရေးအတွက် အဓိကအားထားရာ ဆေးရုံကြီးအဖြစ် သို့ ရောက်ရှိနေပြီဖြစ်သည်။

(သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်၊ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေး အသင်းဝင်များ၊ ဧည့်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှဝန်ထမ်း များနှင့် မြို့မိမြို့ဖများ တက်ရောက် ကြသည်။

ဖွင့်ပွဲအပြီးတွင် အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် သိန်းထွန်းက တိုင်းမှူးဗိုလ်ချုပ်သာအေး နှင့် အဖွဲ့ဝင်များအား အမှတ်(၁)စက်မှု ဝန်ကြီးဌာန၏ အရောင်းပစ္စည်းများကို လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ အရောင်းပွဲတော်ကို ယနေ့မှစတင်ကာ နေ့စဉ် နံနက် ၈နာရီမှ ညရနာရီထိ ဖွင့်လှစ်ရောင်းချ သွားမည်ဖြစ်ပြီး အမှတ်(၁)စက်မှု ဝန်ကြီးဌာနရှိ လုပ်ငန်းဌာန အသီးသီး မှ ထုတ်လုပ်လျက်ရှိသော ပစ္စည်းများ အနက် ပစ္စည်းအမျိုးပေါင်း၃၂၅ မျိုးကို လွတ်လပ်စွာ ရောင်းချသွားမည်ဖြစ်ပြီး စင်တင်တေးဂီတများဖြင့်လည်း ညစဉ် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်နှင့်ငုံးများဖေဖော်ဝါရီလနောက်ဆုံးပတ်မှစ၍ မတ်၁၆ရက်အထိ ရွှေဘိုမြို့နယ်၌ရောဂါဆက်လက်ဖြစ်ပွားခြင်းမရှိတော့ကြောင်းသိရှိရ ရောဂါထိန်းချုပ်ရေးလုပ်ငန်း သက်ဆိုင်ရာအဖွဲ့အစည်းများ ဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၁၇

ယခုအခါမြန်မာနိုင်ငံအလယ်ပိုင်း ဖြစ်သော စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံး ပတ်မှစ၍ မတ် ၁၆ရက် အထိ ကြက် နှင့် ငုံးများ ရောဂါဆက်လက်ဖြစ် ပွားခြင်း မရှိတော့ကြောင်း သိရှိရ သည်။ စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည် မြို့နယ်၊ ချမ်းအေးသာစံ မြို့နယ်နှင့် အမရပူရမြို့နယ်တို့ရှိ ကြက်ခြံများနှင့် ငုံးခြံများ၌ ရောဂါဖြစ်ပွားမှုကို ထိန်းသိမ်း ရပ်တန့်သွားစေရန်အတွက် သက်ဆိုင်ရာ တိုင်းအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်း ညွှန်မှုနှင့်အညီ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ရောဂါ ဖြစ်ပွားသည့် နေရာများ၌ ရောဂါကန့်သတ်ဇုန်အဖြစ် သတ်မှတ် ၍ ကြက်များအဝင်အထွက်၊ အရွှေ့ အပြောင်းပိတ်ပင်ခြင်း၊ ဈေးများ၌ ကြက်၊ဘဲဒိုင်နှင့် ကြက်သား အရောင်း ဆိုင်များယာယီပိတ်ပင်ခြင်း၊ စစ်ဆေးမှု အရ ကြက်ငှက် တုပ်ကွေးရောဂါ သံသယတွေ့ရှိရသည့် ကြက်ခြံများနှင့် ငုံးခြံများရှိ ကြက်နှင့် ငုံးများအား ဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်း၊ ပိုးသတ် ဆေးဖျန်းခြင်းများကို ဆောင်ရွက် လျက်ရှိသည်။

ဖျက်ဆီးခဲ့

မတ် ၁၆ ရက်အထိ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်များ၌ ကြက်ကောင်ရေ ၄၆၂၈ ကောင်သေဆုံးခဲ့ပြီး ၈၇၂ ကောင် ကို ဖျက်ဆီးခဲ့သည်။ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည် မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်တို့၌ ကြက်ကောင်ရေ ၁၀၀၀နှင့် ငုံးကောင်ရေ ၄၄၈၂ သေဆုံး ခဲ့ပြီး ကြက်ကောင်ရေ ၁၃၀၉၈၊ ငုံးကောင်ရေ ၂၇၀၁၈ နှင့် ငုံးဥလုံးရေ ၅၀၀၀၀ ကို ဖျက်ဆီးခဲ့သည်။

၂၀၀၃ခုနှစ်နှစ်ကုန်ပိုင်းနှင့် ၂၀၀၄ ခုနှစ် နှစ်စပိုင်းမှစ၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် ကျန်း မာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကြက်ခြံပိုင်ရှင်များ၊ ကြက်မွေးမြူသူများ၊ ကြက်မွေးမြူ ရေးနှင့် ဆက်စပ်သည့် ဝန်ထမ်းများ အား ကြက်ငှက်တုပ်ကွေး ရောဂါ ကာကွယ်မှုနှင့် ပတ်သက်၍ လူထု ပညာပေးလုပ်ငန်းများ (Public Awareness) ကို စဉ်ဆက်မပြတ် ဆောင်ရွက်မှုကြောင့် ယနေ့အထိ လူများသို့ ရောဂါကူးစက်ခြင်း မရှိ ကြောင်း စစ်ဆေးချက်များအရ သိရှိရ သည်။

ညှိနှိုင်းဆောင်ရွက်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ရောဂါ ထိန်းချုပ်ရေး အဖွဲ့နှင့် ရောဂါ ထိန်းချုပ်ရေးဆိုင်ရာပစ္စည်းများနှင့် အတူ မတ် ၁၆ ရက်တွင် မန္တလေးတိုင်း သို့ ရောက်ရှိပြီး ရောဂါထိန်းချုပ် ရေးလုပ်ငန်း လိုအပ်ချက်များကို သက် ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်လျက် ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များဖြစ်သော အရှေ့တောင်အာရှဒေသ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ ဗန်ကောက် အခြေစိုက်ရုံးမှ ကြက်ငှက် တုပ်ကွေးရောဂါ ကျွမ်းကျင်သူ ပညာရှင်များနှင့် ပူးပေါင်း၍ ရောဂါ ဖြစ်ပွားသည့်နေရာများသို့ ကွင်းဆင်း ဆောင်ရွက်ခြင်း၊ ရောဂါထိန်းချုပ် ရေးဆိုင်ရာ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ရောဂါနမူနာပစ္စည်းများကို ရောဂါဖြစ် ပွားမှု အတည်ပြုနိုင်ရန်အတွက် ဒေသဆိုင်ရာ ကိုးကားဓာတ်ခွဲခန်း များသို့ ပေးပို့ခြင်းများကို ဆောင် ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဓာတ်လမ်းပဒာ ထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၇

၂၀၀၆ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သော (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဓာတ်လမ်းပဒာတွင် စုသက်မှူး (မရမ်းကုန်း)၏ ဝတ္ထု/ဓာတ်ညွှန်းကို မြန်မာ့အသံက စီစဉ်ထုတ်လွှင့်သည့် **"ဂုဏ်ယူပါသည် သားကောင်းစစ်သည်"** ဓာတ်လမ်းကို မတ် ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲနှင့် မတ် ၂၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တို့တွင် မြန်မာ့အသံ ရေဒီယို အစီအစဉ်မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၃–၂၀၀၆ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	Music Talk
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	သံချည်သံကွေးအတတ်ပညာ
၈:၀၀	ဗွီစီဒီမိတ်ဆက်(ချစ်လား) (ဆုန်သင်းပါရ်–အချစ်စုံတွဲ သီချင်းများ)
၈:၂၀	စည်း (ခန့်စည်သူ၊မျိုးလှိုင်ဝင်း၊ မေသဥ္ဇာဦး၊ ချစ်စနိုးဦး)
၈:၄၀	ပြည်တွင်းသတင်းအကျဉ်း
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့် အချက်များ
၉:၀၅	မိုးလေဝသခန့်မှန်းချက်
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	မြန်မာ–ထိုင်းချစ်ကြည်ရေး ရေကူးသရုပ်ပြပွဲ
၉:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	နွဲကြစို့ စက်မှု(၁) ဈေးရောင်းပွဲတော်
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၀	လူငယ်အာဟာရ မောင်မောင်ဇော်လတ် (The Antz)နှင့်တွေ့ဆုံခြင်း
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	သံပုံထောင်ခြင်းဆိုင်ရာ နည်းပညာ
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀	စံပြကျွန်းအထူးစိုက်ခင်း (ကြံခင်း)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၅:၃၀	ပရီမီယာပွဲကြိုသုံးသပ်ချက်(၁) (ကျောက်ဘီလူး တင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)	5-Sports
၆:၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports(Live)
၇:၁၀	Everton - Aston Villa	5-Sports(Live)
၉:၂၅	Arsenal - Charlton	5-Sports(Live)
	West Brom - Man Utd	5-Movies(Live)
	Man City -Wigan	5-Cartoons(Live)
၁၁:၃၀	Bolton - Sunderland	5-Cartoons(SDD)
၁၁:၄၀	Birmingham - Tottenham	5-Sports(Live)
၂:၀၀	Final Score	5-Sports (Live)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ(၁၄)နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ(၃၀) စုစုပေါင်း (၄၄)နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါ မြို့နယ်လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှု ဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း(လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင်ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိ မွေးမြူမှု မပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှု မပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစား နှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်းဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီ လိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ရခိုင်ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာန

ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များဝေငှ၊ ပျိုးထောင် ကြက်ဆူဆီဖြင့် စက်ယန္တရားများ လက်တွေ့မောင်းနှင်သရုပ်ပြ

ရန်ကုန် မတ် ၁၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတ် ၁၁ ရက် နံနက်ပိုင်းက စစ်တွေမြို့ မြို့တော်ခန်းမ၌ ရခိုင်ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ကျင်းပသော ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များ ဝေငှခြင်း၊ ပျိုးထောင်ခြင်းနှင့် ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ) ဖြင့်စက်ယာဉ်ယန္တရားများ လက်တွေ့မောင်းနှင်သရုပ်ပြခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်က ပြည်နယ်နှင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၏ ကြက်ဆူပင်စိုက်ပျိုး ဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးကြည်ဟန်နှင့် တာဝန်ရှိသူများက ကြက်ဆူပင်စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဝေငှပေး

ယင်းနောက် စစ်တွေမြို့ မြို့တော်ခန်းမရှေ့တွင်တိုင်းမှူးနှင့်တာဝန်ရှိသူများက ကြက်ဆူပျိုးကိုင်းနှင့်မျိုးစေ့များကို ရခိုင်ပြည်နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်အပါအဝင် ၁၈ မြို့နယ်မှ စည်ပင်သာယာရေးအဖွဲ့ ကိုယ်စားလှယ်များထံ အသီးသီးဝေငှပေးအပ်သည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူ မျိုးစေ့ ၆၀၀၀နှင့် ပျိုးကိုင်း ၅၂၀၀တို့ကို ပျိုးအိတ်များအတွင်း တပျော်တပါး ထည့်သွင်းပျိုးထောင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပျိုးထောင်ထား

ယင်းနောက်တိုင်းမှူးသည် ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဦးစီးဌာနမှ ပျိုးထောင်ထားရှိသော ခြံစည်းရိုး ကြက်ဆူပင်ပျိုးဥယျာဉ်၌ ကြက်ဆူကိုင်းပျိုးပင် ၃၇၅၀ နှင့်မျိုးစေ့ပျိုးပင် ၈၅၆၀ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ စစ်တွေမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ပျိုးထောင်ထားရှိသော ခြံစည်းရိုး ကြက်ဆူပျိုးဥယျာဉ်၌ ကြက်ဆူကိုင်းပျိုးပင် ၃၂၅၀၊ မျိုးစေ့ပျိုးပင် ၇၄၄၀ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက်တက်ရောက်လာကြသူများသည် ကြက်ဆူဆီဖြင့် ကြက်ဆူဆီမီးဖိုအသုံးပြုခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကျောက်ခွဲစက်၊ လမ်းကြိတ်စက်၊ ရေသယ်ယာဉ်နှင့် မြေတူးစက်များ လက်တွေ့မောင်းနှင်ပြသခြင်းတို့ကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ထီဖွင့်ပွဲ ဧပြီ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် မတ် ၁၇

ဧပြီ ၁ရက်တွင် (၂၀၇)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းထီတွင် အက္ခရာ ၂၇ လုံး၊ ထီစာအုပ် ၂၂၀၉၀၈၆ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်ရန် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရပြီး စုစုပေါင်းငွေကျပ် ၁၃၂၅ ဒသမ ၄၅ သန်းကို ဆုမဲများအဖြစ် ခွဲဝေပေးမည်ဖြစ်သည်။

ဆုကြီးတစ်ဆုချင်းစနစ်အရ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ် သိန်း ၁၀၀ ၁၂ ဆု၊ မင်္ဂလာစုံတွဲစနစ်အရ ငွေကျပ် သိန်း ၁၀၀ ၁၅ ယှဉ်နှစ်၊ ဖြည့်စွက်စနစ် အရ သုံးယှဉ်နှစ်နှင့် အပိုဆုစနစ်အရ ၁၅၆ ဆုတို့ကို တစ်ရက်တည်းဖြင့် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ထို့အပြင် အောင်ဘာလေသိန်းဆု ဌာနခွဲက ၂၀-၉-၂၀၀၅ နေ့စွဲဖြင့် ကြေညာထားသည့်အတိုင်း ငွေကျပ် သိန်း ၅၀၀ အထူးဆုကြီးတစ်ဆုကိုပါ ထည့်သွင်း၍ ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ထို့ကြောင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း၃၀၀နှစ်ဆု၊ ငွေကျပ် သိန်း၂၀၀ လေးဆု၊ ငွေကျပ်သိန်း၁၀၀ ၂၇ ဆု၊ ငွေကျပ် ၁၀ သိန်း ၃၉၀ဆု၊ ငွေကျပ်ငါးသိန်း ၁၇ ဆု၊ ငွေကျပ်လေးသိန်း ၂၁ ဆု၊ ငွေကျပ်နှစ်သိန်း ၁၇၃ ဆု၊ ငွေကျပ် တစ်သိန်း ၁၃၅၀ ဆု၊ ငွေကျပ်ရှစ်သောင်း ၅၇ ဆု၊ ငွေကျပ်လေးသောင်း ၉၆ ဆု၊ ငွေကျပ်နှစ်သောင်း ၁၄၀၂၇ ဆု စုစုပေါင်း ၁၆၁၆၅ ဆုတို့ဖြစ်သည်။

ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဧပြီ ၇ ရက်မှစတင်၍ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆု ဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

သမိုင်းဝင် ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စေတီတော် ဘက်စုံအလှူငွေအဖြစ် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံ ပုသိမ်မြို့ သီရိသုမင်္ဂလာ ဦးကျင်ဟန်-ဒေါ်ခင်မြင့် (ရွှေစိန် နီလာစတိုး)က အလှူငွေကျပ် ၇၅ သိန်းကို ဖေဖော်ဝါရီ ၂၇ ရက်က ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မတ် ၁၃ ရက်က ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အမှတ် ၅၁ ကိုင်းတန်းလမ်း လမ်းမတော်မြို့နယ်နေ ဦးမြညွန့်-ဒေါ်ခင်လှမိသားစုက ရွှေစင်ရွှေပြား တစ်ကျပ်သားကိုးလက်မ တစ်ချပ်အတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို ရွှေသင်္ကန်းကပ်လှူရေး အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမောင်သို့ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

မတ် ၁၂ ရက်က ပုဇွန်တောင်မြို့နယ် သာယာကုန်းပြာသာဒ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာဇေ(ဒီဃဘာဏက)၏ ဝိဇာတမင်္ဂလာနှင့် မြို့နယ်စာအောင်သံဃာတော်များ ပူဇော်ပွဲတွင် ဓမ္မာစရိယတန်းအောင် သံဃာတော်တစ်ပါးအား အလှူရှင်ဒေါက်တာ ဒေါ်အေးအေးက လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

သီတဂူ အထူးတရားပွဲများ

ရန်ကုန် မတ် ၁၇

သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်း-ဒေါ်ဆင်နုတို့ကို အမှူးထား၍ (သား)ကိုစိုးမင်း-မရီရီချို၊ ကိုနေလင်း-မနုနုဆွေ(ရွှေနဒီမိသားစု)၏ နာယကဆရာတော်ကြီး ကိုးပါးတို့အား သိင်္ကန်းထပ်ပွဲ၊ ရှင်သုံးပါးအား ရဟန်းခံပွဲ၊ ရှင်အပါး၂၀၀ရှင်သာမဏေပြုပွဲ၊ အကြိုတရားပွဲများအဖြစ် မတ် ၂၆ ရက် (စနေနေ့)တွင် စစ်ကိုင်းတောင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အရှင်ဣန္ဒာစရိယ၊ မတ် ၂၇ရက် (တနင်္ဂနွေနေ့)မန္တလေးမြို့ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)၊မတ် ၂၈ရက်(တနင်္လာနေ့)တွင် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်ကြီး၏ အဓိပတိ ဒေါက်တာအရှင်ဉာဏိဿရတို့က ညစဉ် ၇နာရီ၌လည်းကောင်း၊ မတ် ၃၀ရက်(ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ နာယက ဆရာတော် အရှင်ဇဋိလက နံနက် ၈ နာရီတွင်လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ စိတ္တပါလဂူကျောင်း ရွှေနဒီဓမ္မဗိမာန်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌဦးမောင်ငြိမ်းက (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဖိလစ်ပိုင်) မီတာ ၂၀၀ ရွှေတံဆိပ်ဆုရှင်၊ မီတာ ၄၀၀ လက်ဆင့်ကမ်း ရွှေတံဆိပ်ဆုရှင်၊ မီတာ ၄၀၀ ငွေတံဆိပ်ဆုရှင် ဒုတိယရဲအုပ် ကေခိုင်လွင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၂၉၂ အခန်း ၁၁၊ ရန်အောင် လမ်းသွယ် ၂ ရန်ကင်းနေ ကွယ်လွန်သူသား ဦးညီညီစိုးအား ရည်စူး၍ ဦးစောလှဖြူ ဇနီးဒေါ်ခင်အေးမိသားစုက အက်ဖ်အီးစီ ၁၀၀ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပန်းဝါသနာရှင် အသင်းကြီးမှူး သစ်သီးပုံဖော်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် သစ်သီးပုံဖော် (Fruit Curving) သင်တန်းကို မတ် ၂၉ ရက်မှ ဧပြီ ၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်တွင် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၄၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင် ကျပ်၅၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၃၀၈)**

လေးပွင့်ဆိုင် အထူးခြေစမ်းဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် (ယူ-၂၃)အသင်းက ပဏာမလက်ရွေးစင်(က)အသင်းကိုနိုင်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ဖွဲ့စည်းရေး လေးပွင့်ဆိုင်အထူးခြေစမ်းဘောလုံး ပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပရာ အသက်(၂၃)အောက် လက်ရွေးစင်အသင်းက ပဏာမလက်ရွေးစင်(က)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆုံးရှုံးသွားခဲ့

နှစ်သင်းစလုံး တစ်ပွဲစီရှုံးထား၍ ယနေ့ပွဲစဉ်၌ အနိုင်ရရှိရေးကြိုးစား ယှဉ်ပြိုင်ကစားခဲ့ကြရာ ခြေစွမ်းအားဖြင့် မကွာလှသော်လည်း အဆုံးသတ်ပိုင်နိုင်သော အသက်(၂၃)နှစ်အောက် လက်ရွေးစင်အသင်းက သုံးဂိုးပြတ် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ပထမပွဲစဉ်၌ ခြေစွမ်းမပြနိုင်သော လက်ရွေးစင်ဟောင်း ဆန်းဒေးသိန်းက ယနေ့ပွဲစဉ်၌ ကိုယ်တိုင် တစ်ဂိုးသွင်းယူကာ နှစ်ဂိုးဖန်တီးပေးနိုင်ခဲ့သည်။ ပဏာမလက်ရွေးစင်(က)အသင်းတွင် လူငယ်အများစု ပါဝင်၍ လျင်လျင်မြန်မြန် ထိုးဖောက် ကစားနိုင်သော်လည်း တစ်ဖက် ဂိုးဧရိယာအတွင်း ရောက်လျှင် အပေးအယူ လုပ်ကစားရာမှ ဘောလုံးများ ဆုံးရှုံးသွားခဲ့ရသည်။

ဂိုးသွင်းယူ

အသက်(၂၃)နှစ်အောက် လက်ရွေးစင်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၃၉ မိနစ်တွင် ပယ်နယ်တီဧရိယာအတွင်းမှ ဆန်းဒေးသိန်းက ကန်သွင်းရာ တိုင်ထိပြီး ဂိုးဝင်သွားခြင်းဖြစ်သည်။ ဒုတိယဂိုးကို မိနစ် ၈၀ တွင် ဆန်းဒေးသိန်း ဖန်တီးပေးသည့်ဘောလုံးကို စိုးသီဟအောင်က ကန်သွင်းယူသည်။ တတိယဂိုးကို ၈၉ မိနစ်တွင် ဆန်းဒေးသိန်း ဖြတ်ချိုးပေးသည့်ဘောလုံးကို ဒုတိယပိုင်း၌ လူစားဝင်လာသည့် မျိုးမင်းထွန်းက ကန်သွင်းယူသည်။

ယူ-၂၃အသင်း

အသက်(၂၃)နှစ်အောက်လက်ရွေးစင်အသင်းတွင် **(ဂိုး)**ကျော်မင်းလှိုင်၊ **(နောက်တန်း)**ခင်မောင်ထွန်း၊ဝင်းမင်းထွဋ်၊ကျော်ဇေယျာမင်း၊ ကျော်ဇေယျာဝင်း၊ အောင်ထွန်းလင်း၊ **(အလယ်တန်း)** နေဝင်း(မျိုးမင်းထွန်း)၊ဇော်ဇော်(ကျော်ဒွန်း)၊ စိုးသီဟအောင်၊ **(ရှေ့တန်း)** မင်းမင်းထွန်း(ကျော်ဇင်ဝင်း)နှင့် ဆန်းဒေးသိန်းတို့ ပါဝင်ကစားခဲ့ကြသည်။

ပဏာမလက်ရွေးစင်(က)

ပဏာမလက်ရွေးစင်(က)အသင်းတွင် **(ဂိုး)**သီဟစည်သူ၊ **(နောက်တန်း)** အောင်ဇော်မျိုး၊ အောင်သူဝင်း(ချမ်းချမ်း)၊ ဇော်မင်းထွန်း (ထူးကျော်)၊ ဇော်ထက်အောင်၊ **(အလယ်တန်း)** ကျော်ဌေးဦး၊သန်းဝဏ္ဏအောင်၊ လှအေးထွေး၊ သူရိန်စိုး(သန်းထိုက်)၊ **(ရှေ့တန်း)** ဇင်မျိုးအောင်နှင့် စထက်နိုင်ဝင်းတို့ ပါဝင်ကစားခဲ့ကြသည်။

ယနေ့ပွဲ

မတ်၁၈ရက်**(ယနေ့)** ညနေ၄နာရီတွင်အောင်ဆန်းအားကစားပြိုင်ကွင်း၌ အသက် (၂၃)နှစ်အထက်လက်ရွေးစင်အသင်းနှင့် ပဏာမလက်ရွေးစင်(ခ)အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ လားရှိုးပြိုင်ပွဲတွင် ဆုရရှိကြသော (ဝဲမှယာ) **ရွှေနန်း၊ဝင်းနိုင်၊ သန်းဝင်းနှင့်ခင်မောင်ဇော်တို့အား ဆုချီးမြှင့်သည့် အခမ်းအနားအပြီးတွင် တွေ့ရစဉ်။** (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd.က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ်တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ(Grand Royal Special Reserve Golf Championship 2006)၏ ဒုတိယနေ့(၁၈)ကျင်း ပြိုင်ပွဲကို ယမန်နေ့ နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးဂေါက်ကလပ်၌ ကျင်းပပြီး ဆုချီးမြှင့်သည့်အခမ်းအနားကို ယင်းနေ့ ညနေ ၆ နာရီခွဲတွင် လားရှိုးမြို့ရှိ Lashio Motel ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့်အခမ်းအနားကို ကျင်းပရာ IBTC မှ Design and Developmentဒါရိုက်တာ ဦးတင့်ဦးက Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော အောင်လင်းထွန်းအား လည်းကောင်း၊ တစ်ပေ သုံးလက်မဖြင့် Nearest Topinဆုရရှိသော ဗထူးအောင်အားလည်းကောင်း၊ ကိုက် ၃၄၀ဖြင့် Longest Driveဆုရရှိသော မြင့်လွင်အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေး၊ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်နှင့် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်းတို့က ပြိုင်ပွဲတွင် Consolationဆုရရှိကြသော အပျော်တမ်းဂေါက်သီးရိုက် အားကစားသမားကိုးဦးတို့အား ဆုများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ကျော်လွင်က ပြိုင်ပွဲတွင် Nett Total၁၃၉ ချက်ဖြင့် ပထမဆုရရှိသော ရွှေနန်း၊ Nett Total ၁၃၉ ချက်ဖြင့် ဒုတိယ ဆုရရှိသော ဝင်းနိုင်၊ Nett Total ၁၃၉ ချက်ဖြင့် တတိယရရှိသော သန်းဝင်း(မူဆယ်)နှင့် Nett Total၁၄၀ ဖြင့် စတုတ္ထရရှိသော ခင်မောင်ဇော်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

လက်ခံ

ထို့နောက် IBTCမှ ဦးတင့်ဦးက လားရှိုးဂေါက်ကလပ်သို့ အမှတ်တရဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ရီက လက်ခံသည်။

တာဝန်ယူ

ယင်းပြိုင်ပွဲ၏ Main Sponsor မှ IBTC ဖြစ်ပြီး Co.Sponsors များအဖြစ် Air Mandalay Ltd.၊ Crusher Club Soda၊ Srixonနှင့် Grand Plaza Parkroyal Hotel တို့က အသီးသီး ပါဝင်ကူညီကြကာ လားရှိုး ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဒဂုံ လယ်တီတရားစခန်း

ရန်ကုန် မတ် ၁၇

လယ်တီမူအနာဂါမ်ဆရာ သက်ကြီးနည်း မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)၏ သင်္ကြန် ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၀ ရက်ညနေမှစ၍ အမှတ် ၈၈၈/၅၈ တောင်ဒဂုံ ဆိပ်ကမ်းမြို့နယ် ပန်းချီပန်းပုရပ်ကွက် ဆရာကြီးဦးသန်းတရားရိပ်သာ၌ ပြုလုပ်မည်ဖြစ်ရာ ယောဂီ ၁၀၀ သာ လက်ခံမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများသည် ဖုန်း ၀၉-၅၁၁၆၉၀၁သို့ ကြိုတင်စာရင်းပေး သွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

နွေရာသီ မြားပစ်သင်တန်းဖွင့်

ရန်ကုန် မတ် ၁၇

မျိုးဆက်သစ်လူငယ်အားကစားသမားများပေါ်ထွက်လာရန်၊ ကျောင်းသားအရွယ် လူငယ်လူရွယ်များ နွေရာသီကျောင်းအားလပ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ရန်နှင့် အားကစားကို စိတ်ဝင်စားလာပြီး ကျန်းမာကြံ့ခိုင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီမြားပစ်သင်တန်းကို မတ်၁၄ရက်မှစ၍ ကျိုက္ကဆံကွင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်းတွင် သင်ကြားပို့ချလျက်ရှိသည်။**(အောက်ပုံ)**

အဆိုပါ နွေရာသီမြားပစ်သင်တန်းသို့ အမျိုးသား၅၀၊ အမျိုးသမီး၁၂ ဦး စုစုပေါင်း၆၂ဦး တက်ရောက်သင်ကြားနေပြီး သင်တန်းနည်းပြများအဖြစ် ဒေါ်မြတ်သူဇာမြင့်၊ ဒေါ်သီသီဝင်းနှင့် ဦးအောင်သူလတို့က သင်ကြားပေးလျက်ရှိသည်။ သင်တန်းကြီးကြပ် တာဝန်ခံများအဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူးအား/ကာနှင့် အုပ်ချုပ်ရေးမှူး ဦးသန်းကြိုင်တို့က ဆောင်ရွက်ကြသည်။ ယင်းသင်တန်းသားသင်တန်းသူများကို နံနက်၇နာရီခွဲမှ ၉နာရီခွဲအထိ တစ်ပတ်ခြောက်ရက် သင်ကြားပေးလျက်ရှိသည်။ ထိုသင်တန်းသား သင်တန်းသူများမှာ ကျောင်းသားကျောင်းသူများဖြစ်သည်။ ၎င်းသင်တန်းကို ဧပြီ၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကြေးအခမဲ့ သတ်မှတ်ပေးထားကာ အားကစားဝတ်စုံနှင့် အားကစားအထောက်အပံ့ပစ္စည်းများကို အဖွဲ့ချုပ်က ထောက်ပံ့ပေးလျက်ရှိသည်။

ယခုနွေရာသီမြားပစ်သင်တန်းမှ ပေါ်ထွက်လာသော အလားအလာရှိသည့် အားကစားသမားများကို မြားပစ်အဖွဲ့ချုပ်နှင့် အား/ကာသိပ္ပံတို့တွင် ဆက်လက်ခေါ်ယူ၍ ပြုစုပျိုးထောင်ပေးသွားမည်ဖြစ်သည်။

အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုများ ကျန်းမာကြံ့ခိုင်လာစေရေးအတွက် Mass Sport အသွင်သဏ္ဌာန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာ့အားကစားလောက အဆွန့်ရှည်တိုးတက်အောင်မြင်ရန် အတွက် မျိုးဆက်သစ်လူငယ် အားကစားသမားများ ပေါ်ထွက်လာရန် အထူးအလေးထား ဆောင်ရွက်နေပြီး ကျောင်းသားအရွယ် လူငယ်များမှတစ်ဆင့် အရည်အသွေးပြည့်ဝသော ထူးချွန်သည့်အားကစားသမားများ ဖြစ်လာစေရန် နွေရာသီအားကစား သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

စာပေဗိမာန်စာအုပ်အသင်း ဒစ်ဂျစ်တယ်မျက်မှောက်ခေတ် စာအုပ်ဖြန့်ချိ

ရန်ကုန် မတ် ၁၇

စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၂ ခုနှစ် စာပေဗိမာန်စာမူဆု ဘာသာပြန်စာပေ ပထမဆုရ ဇော်ထွန်းအောင်၏ ဒစ်ဂျစ်တယ်မျက်မှောက်ခေတ် စာအုပ်ကိုစာအုပ်အသင်း၏ (၂၄)အုပ်မြောက်စာအုပ်အဖြစ် ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိလျက် ရှိသည်။ ရန်ကုန်ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ ပေးပို့လျက်ရှိသည်။

ပေးပို့

စာပေဗိမာန်စာအုပ်အသင်းသို့ ပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့်လည်းကောင်း၊ အသင်းအဖွဲ့များ၊ စာကြည့်တိုက်များအနေဖြင့် လည်းကောင်း အသင်းဝင်လိုပါက ကြိုတင်ငွေကျပ် ၁၅၀၀ ပေးသွင်းပြီး ယင်းကြိုတင်ငွေမှ အသင်းသားများသို့ ဖြန့်ချိသည့် စာအုပ်တန်ဖိုး(လျော့နှုန်း)အလိုက် ခုနှိမ်မည်ဖြစ်သည်။ အသင်းပေးစာအုပ်များကို နယ်အသင်းဝင်များထံသို့ စာတိုက်၊ ရေကြောင်း၊ လေကြောင်း၊ မီးရထားတို့ဖြင့်ပေးပို့ပါမည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုလျှင် အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၅၂၉/၅၃၁ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာရှစ်ပွဲစဉ်(၃၀) ယနေ့ ယှဉ်ပြိုင်မည်
အာဆင်နယ်-ချာလ်တန်၊ မန်ယူ-ဝက်စ်ဘရွန်းပွဲများ ပါဝင်

လန်ဒန် မတ် ၁၇

ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၀)ပြိုင်ပွဲများကို မတ် ၁၈ ရက် (ယနေ့) **နှင့် ၁၉ ရက်** (နက်ဖြန်)**တို့တွင် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။**

စုစည်းရေးသားသူ
မြင့်ခိုး

အောင်ပွဲခံနိုင်ဖွယ်

အဲဗာတန်နှင့် အက်စ်တွန်ဗီလာ အသင်းတို့ပွဲကို သုံးသပ်ရာတွင် အဲဗာတန်တို့ ပြီးခဲ့သောသီတင်းပတ်က ယခုနှစ်ရာသီတွင် အကောင်းဆုံးပွဲဟုဆိုရလောက်အောင် ဖူလ်ဟမ်အသင်းအပေါ် အနိုင်ရလိုက်သည်။ ဗီလာအသင်းသည်လည်း ဘလက်ဘန်း အသင်းနှင့် ပြီးခဲ့သောအပတ်က ယှဉ်ပြိုင်ခဲ့ရာတွင် အနည်းငယ် ခြေစွမ်းပြလာနိုင်သည်။ သို့ရာတွင် အက်စ်တွန်ဗီလာတို့ ယင်းပွဲတွင် အနိုင်မလိုက်နိုင်သကဲ့သို့ အက်ဖ်အေဖလားပြိုင်ပွဲတွင် မန်စီးတီးအသင်းကိုပါ ရှုံးထားသည်။ အဲဗာတန်တို့ အိမ်ကွင်း၌ ဆက်လက် အောင်ပွဲခံနိုင်ဖွယ်ရှိသည်။

ဟန့်တားနိုင်လိမ့်မည်မဟုတ်

အာဆင်နယ်နှင့် ချာလ်တန်တို့ ပွဲကို သုံးသပ်ကြည့်ရာတွင် နှစ်သင်းစလုံးခြေစွမ်းထက်လာကြသည်။ သို့ရာတွင် အွန်နရီ ဆက်လက်ဂိုးသွင်းလာနိုင်သည်။ ချာလ်တန်တို့ အာဆင်နယ်၏ အောင်မြင်မှုကို ဟန့်တားနိုင်လိမ့်မည်မဟုတ်ပါချေ။

အသာစီးရယူကစား

ဘလက်ဘန်းအသင်းနှင့် မစ်ဒယ်ဘရော့တို့ ယှဉ်ပြိုင်မည့်ပွဲကို သုံးသပ်ကြည့်ရာတွင် မစ်ဒယ်ဘရော့ကိုရင်ဆိုင်ရန် ဘလက်ဘန်းအတွက် အကောင်းဆုံး အချိန်ဖြစ်သည်။ မစ်ဒယ်ဘရော့အသင်းသည် ရိုးမားကိုနိုင်ပြီး ယူအီးအက်ဖ်အေ ကွာတားတက်နိုင်ခဲ့သည့် အသင်းဖြစ်လာသည်။ နှစ်သင်းစလုံး တက်ကြွနေပေလိမ့်မည်။ ဘလက်ဘန်းက ပို၍ကောင်းလာပြီး ဘောလုံးပိုင်ဆိုင်မှု အသာစီး ရယူကစားလိမ့်မည်ဖြစ်သည်။

ရှုံးနိမ့်ခဲ့ရ

ဘော်လ်တန်နှင့် ဆန်းဒါးလန်း တို့ပွဲကို ဆန်းစစ်ရာတွင် ဘော်လ်တန်အသင်း သည် အက်ဖ်အေဖလားပြိုင်ပွဲတွင် ကံမကောင်းစွာဖြင့် ဝက်စ်ဟမ်းအသင်းအား ရှုံးနိမ့်ခဲ့ရသည်။

သို့ရာတွင် ဘော်လ်တန်ကခြေစွမ်းပြအနိုင်ယူနိုင်မည်ဟု မျှော်လင့်ရသည်။

မန်စီးတီးနှင့် ဝီဂန်ပွဲကို ဆန်းစစ်လေ့လာရာတွင် ဝီဂန်က ယင်း၏ ရမှတ်များအပေါ် ထပ်တိုးအမှတ်များရရှိရန် ကစားလာနိုင်သည်။ သို့ရာတွင် မန်စီးတီးကလည်း မတ် ၂၀ ရက် ညပိုင်းတွင် အက်ဖ်အေဖလား အကြိုအနိုင်ရရှိရန် အကြိတ်အနယ် ကစားလိမ့်မည်ဖြစ်သည်။ နှစ်သင်းစလုံး ခြေရည်တူ အနေအထားရှိသည်။

ပို၍ကောင်းလာ

ဝက်စ်ဘရွန်းနှင့် မန်ယူပွဲသည် ဘောလုံးပရိသတ်များ အထူးနှစ်ခြိုက်မည့်ပွဲ ဖြစ်လိမ့်မည် ဖြစ်သည်။ ရွန်နေသည် မန်ယူတွင် အထူးခြေစွမ်းပြလာသည့် တိုက်စစ်မှူး ဖြစ်လာသည်။ မန်နေဂျာဖာဂူဆန်က လူးဝစ်ဆာဟာကို ဦးစားပေးလွန်းသဖြင့် နစ္စတယ်ရွိုင်းအသင်းမှ နုတ်ထွက်သွားဖွယ်ရှိနေသည်။ ဝက်စ်ဘရွန်းအသင်းသည် ပြီးခဲ့သော သီတင်းပတ်က ဘာမင်ဂမ်အသင်းနှင့်ကစားရာတွင် ကစားပုံအနေအထား ပို၍ကောင်းလာသည်။

ဝက်စ်ဟမ်းနှင့်ပို့စ်မောက်အသင်းတို့ပွဲသည် သရေပွဲဖြစ်လာနိုင်သည်။ ဝက်စ်ဟမ်းအသင်းသည်လည်း အက်ဖ်အေဖလား ကွာတားတက်လာနိုင်သည့် အသင်းဖြစ်၍ တက်တက်ကြွကြွဖြင့် ကစားသွားလိမ့်မည်ဟု ခန့်မှန်းရသည်။

ရောက်လာနိုင်

ဘာမင်ဂမ်အသင်းအတွက် ကံဆိုးသော သီတင်းပတ် ဖြစ်နေသည်။ သို့ရာတွင် ပြီးခဲ့သော အပတ်က ဝက်စ်ဘရွန်းနှင့် သရေကျပြီး တစ်မှတ်ရလိုက်သေးသည်။ တော့တင်ဟမ်အသင်းသည်လက်ရှိအနေအထားအရ အမှတ်ပေးဇယားတွင် အာဆင်နယ် နောက်ရောက်လာနိုင်သည်။

ယှဉ်ပြိုင်မည်

နယူးကာဆယ်နှင့် လီဗာပူးပွဲကို မတ် ၁၉ ရက်ညပိုင်းတွင် ကြည့်ရမည်ဖြစ်သည်။ ဖူလ်ဟမ်နှင့် ချယ်လ်ဆီးပွဲသည်လည်း ယင်းနေ့တွင်ပင် ယှဉ်ပြိုင်ကစားလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဂိုးခန့်မှန်း

အင်္ဂလန်ဘောလုံးကျွမ်းကျင်ပညာရှင် မတ်လော်ရင်ဆွန်၏ ဂိုးခန့်မှန်းချက်များကို မြန်မာ့အလင်း ဘောလုံးဝါသနာရှင်များကြိုတင်သိရှိရန် ယှဉ်တွဲဖော်ပြလိုက်ပါသည်။ ။

(အင်တာနက်)

ထိုးဖောက်ကစား

မန်ယူနှင့် နယူးကာဆယ်ပွဲတွင် ရွန်နေ၏ ထိုးဖောက်ကစားမှု။

(ဓာတ်ပုံ-အင်တာနက်)

ထိုးဖောက်

အာဆင်နယ်နှင့် လီဗာပူးပွဲတွင် အာဆင်နယ်အသင်း ခေါင်းဆောင် အွန်နရီ၏ ထိုးဖောက် ကစားဟန်။

(ဓာတ်ပုံ-အင်တာနက်)



ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ်ပွဲစဉ်များ
မတ် ၃၀ ရက်နှင့် ဧပြီ ၆ ရက်၌ ယှဉ်ပြိုင်ကစားကြမည်

ဆိုဖီယာ မတ် ၁၇

ယူအီးအက်ဖ်အေ နောက်ဆုံး၁၆ သင်း ဒုတိယအကျော့ပြိုင်ပွဲများကို မတ် ၁၅ရက်နှင့်၁၆ရက်တို့တွင် သက်ဆိုင်ရာနိုင်ငံများ၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ကွာတားတက်နိုင်

ယမန်နေ့က ယှဉ်ပြိုင်သည့်ပွဲတွင် ရိုးမားက မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်သော်လည်း ကွာတားဖိုင်နယ် တက်ခွင့်မရခဲ့ပေ။ မစ်ဒယ်ဘရော့က ရိုးမားအား နှစ်ပွဲပေါင်း ရလဒ်နှစ်ဂိုး-နှစ်ဂိုးဖြင့် အဝေးဂိုးစည်းမျဉ်းအရ ကွာတား တက်နိုင်ခဲ့သည်။

ထို့အတူ ရက်ပစ်ဘူခါရက်အသင်းသည် ဟမ်းဘတ်အသင်းကို နှစ်ပွဲပေါင်းရလဒ် သုံးဂိုး-သုံးဂိုးဖြင့် အဝေးဂိုးစည်းမျဉ်းအရ ကွာတားဖိုင်နယ် တက်လာနိုင်ခဲ့သည်။

ဆီဗီလာနှင့် လိုင်လီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဆီဗီလာက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ ဆီဗီလာက နှစ်ပွဲပေါင်း ရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် ကွာတားတက်နိုင်ခဲ့သည်။

နှစ်ပွဲပေါင်းရလဒ်

မတ် ၁၆ရက်က ဇီးနက်အသင်းနှင့် မာဆေးတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ သို့ရာတွင် ဇီးနက်က အဝေးကွင်းတွင် မာဆေးအား တစ်ဂိုး-ဂိုးမရှိဖြင့် ပထမအကျော့တွင်အနိုင်ရထား၍နှစ်ပွဲပေါင်းရလဒ်အရ ဇီးနက်က နှစ်ဂိုး-တစ်ဂိုးဖြင့် ကွာတားတက်သွားသည်။

အနိုင်ရလိုက်

လက်စကီဆိုဖီယာ အသင်းနှင့် အူဒီးနီစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဆိုဖီယာက နှစ်ဂိုး-တစ်ဂိုးဖြင့် အိမ်ကွင်း၌ အနိုင်ရလိုက်သည်။

သို့ရာတွင် ယင်းတို့နှစ်သင်းသည် ပထမအကျော့တွင် ဂိုးမရှိ သရေကျခဲ့သဖြင့် လက်စကီဆိုဖီယာက ပြတ်ပြတ်သားသား အနိုင်ရရှိကာ ကွာတားဖိုင်နယ် ရောက်လာသည်။

စထရာဘိုးအသင်းနှင့် ဘေဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့သည်။ ဘေဆယ်အသင်းသည် ပထမအကျော့တွင် စထရာဘိုးအသင်းအား အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထား၍ ဘေဆယ်က လေးဂိုး-နှစ်ဂိုးဖြင့် ပြတ်သားစွာအနိုင်ရပြီး ကွာတားတက်ခဲ့သည်။

အလားတူ ရော်လ်ကေး-ဝ၄ အသင်းနှင့် ပါလာမိုအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ ရော်လ်ကေး-ဝ၄ အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အိမ်ကွင်း၌ အနိုင်ရလိုက်သည်။ ရော်လ်ကေး-ဝ၄အသင်းသည် ပထမအကျော့တွင် ပါလာမိုအား အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ သို့ရာတွင် ရော်လ်ကေးတို့ ဒုတိယအကျော့တွင် ဂိုးပြတ်သွင်းနိုင်ခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် ကွာတားသို့ တက်လှမ်းခဲ့သည်။

ဂိုးမရှိသရေ

တစ်ဖန် ရီးရဲဘက်တစ်အသင်းနှင့် စတုအာဘူခါရက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ စတုအာဘူခါရက်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းတို့နှစ်သင်းသည် ပထမအကျော့တွင် ဂိုးမရှိသရေကျထားသည်။

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် တက်လာသော အသင်းများမှာ မစ်ဒယ်ဘရော့၊ ရက်ပစ်ဘူခါရက်၊ ဆီဗီလာ၊ လက်စကီဆိုဖီယာ၊ ဘေဆယ်၊ ဇီးနက်၊ ရော်လ်ကေးနှင့် စတုအာဘူခါရက် အသင်းများ ဖြစ်ကြသည်။

ရေးဆွဲနေဆဲ

အဆိုပါ ရှစ်သင်းယှဉ်ပြိုင်မည့်ဇယားကို ယူအီးအက်ဖ်အေက ရေးဆွဲနေဆဲဖြစ်ကြောင်း သိရသည်။ ၎င်းတို့၏ ကွာတားဖိုင်နယ် ပွဲစဉ်များကို မတ် ၃၀ ရက်တွင် ပထမအကျော့၊ ဧပြီ ၆ ရက်၌ ဒုတိယအကျော့ကစားကြရမည်ဖြစ်ကြောင်း သိရသည်။

အကြို ဗိုလ်လုပွဲစဉ်များကို ဧပြီ ၂၀ရက်နှင့် ဧပြီ ၂၇ရက်တို့၌ ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

(အင်တာနက်)

အောင်ပွဲခံ

ယူအီးအက်ဖ်အေ ဘောလုံးပြိုင်ပွဲတွင် အူဒီးနီစ်အသင်းကို အနိုင်ရပြီး အောင်ပွဲခံနေသော လက်စကီ ဆိုဖီယာ အသင်းသားများ။

(ဓာတ်ပုံ-အင်တာနက်)

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် ရော်လ်ကေး-ဝ၄ အသင်းမှ အက်ဇိုရပ်(ဝဲ)က ပါလာမိုအသင်းဘက်သို့ ဤသို့ထိုးဖောက်ခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ဂိုးခန့်မှန်းချက်များ

အဲဗာတန်	နှစ်ဂိုး	–	အက်စ်တွန်ဗီလာ	ဂိုးမရှိ
အာဆင်နယ်	နှစ်ဂိုး	–	ချာလ်တန်	ဂိုးမရှိ
ဘလက်ဘန်း	နှစ်ဂိုး	–	မစ်ဒယ်ဘရော့	တစ်ဂိုး
ဘော်လ်တန်	တစ်ဂိုး	–	ဆန်းဒါးလင်း	ဂိုးမရှိ
မန်စီးတီး	တစ်ဂိုး	–	ဝီဂန်	တစ်ဂိုး
ဝက်စ်ဘရွန်း	ဂိုးမရှိ	–	မန်ယူ	နှစ်ဂိုး
ဝက်စ်ဟမ်း	တစ်ဂိုး	–	ပို့စ်မောက်	တစ်ဂိုး
ဘာမင်ဂမ်	နှစ်ဂိုး	–	တော့တင်ဟမ်	တစ်ဂိုး
နယူးကာဆယ်	တစ်ဂိုး	–	လီဗာပူး	နှစ်ဂိုး
ဖူလ်ဟမ်	ဂိုးမရှိ	–	ချယ်လ်ဆီး	နှစ်ဂိုး

(အင်တာနက်)

ကလောၿမို့နယ်၌ ဒွန်းပေါ်ကဲကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

ကလော မတ် ၅

ကလောမြို့နယ် နန်းတိုင်းကျေးရွာအုပ်စု ဒွန်းကျေးရွာနှင့် လမိုင်းကျေးရွာအုပ်စု ပေါ်ကဲကျေးရွာတို့ ဆက်သွယ်သော ဒွန်းပေါ်ကဲ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် အရှည်ပေ ၁၂၀၀၀၊ အကျယ် ၁၀ပေ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၉နာရီက တောင်ကြီးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်တင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျောက်ချောလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၉၉၀၀၀၀နှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၆၇၂၄၀၀၀ဖြင့် စုစုပေါင်းငွေကျပ် ၁၀၇၁၄၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ် စည်ပင်)

တမူးမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး မျိုးစေ့၊ ကိုင်းပျိုးထောင်ထားမှုနှင့် အသုံးဝင်ပုံရှင်းလင်း

တမူး မတ် ၁

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခြံစည်းရိုးကြက်ဆူပင် ၂၄၀၀၀ကို ဧက ၂၀ တွင် စိုက်ပျိုးရန် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လျာထားသတ်မှတ်ခဲ့ရာ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ယင်း ခြံစည်းရိုးကြက်ဆူပင်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားဝင်းအတွင်း အပင် ၁၂၀၀ကို မြေချစိုက်ပျိုးပြီး မျိုးစေ့ ၁၀၄၀၀နှင့် ကိုင်း ၂၃၉၀၀ ပျိုးထောင်ထားရှိမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်က ခြံစည်းရိုးကြက်ဆူ ပျိုးထောင်မှုနှင့် အသုံးဝင်ပုံကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ကြက်ဆူပင် စိုက်ပျိုးပွဲတော်သို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်း၍ စိုက်ပျိုးကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် စည်ပင်)**

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

မိုးညှင်း မတ် ၁၀

ကချင်ပြည်နယ် မိုးညှင်းမြို့ပေါ်ရပ်ကွက်များတွင် စနေနေ့တိုင်း နွေရာသီ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို မြို့နယ်မီးသတ်တာဝန်ခံ ဦးဝင်းမြင့်ကျော် ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးဦးအောင်ဆန်းဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြသည်။

ထို့သို့ဆောင်ရွက်ရာတွင် မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များသို့ တစ်အိမ်တက်ဆင်း ဝင်ရောက်၍ မိသားစုများနှင့်တွေ့ဆုံကာ အရေးပေါ်မီးဘေးကြိုတင်ကာကွယ်ရေး အသုံးပြုနိုင်ရန် မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးနှင့် လှေကားများ ထားရှိရေး၊ မီးဖိုမီးအားစနစ်တကျ သုံးစွဲရေး၊ ပတ်ဝန်းကျင်လောင်စာအမှိုက်များ ကင်းရှင်းရေးနှင့် လုပ်ငန်းရှင်များ အရေးပေါ် မီးသတ်ကိရိယာများထားရှိရေးတို့ကို ပညာပေးဆွေးနွေး ဟောပြောကြသည်။ **(၁၅၂)**

ကျေးရွာစာကြည့်တိုက်မှူးများ လုပ်ငန်းကျွမ်းကျင်ရေး ဆွေးနွေး သုတရသ စာအုပ်များလှူဒါန်း၊ ရေရှည်တည်တံ့ရေးရှင်းလင်း

ငါန်းဇွန် မတ် ၅

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျေးရွာစာကြည့်တိုက်မှူးများ လုပ်ငန်းကျွမ်းကျင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးလှရှိန်က စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ပညာရေးဌာနက သုတ၊ ရသစာအုပ် ၃၂၅အုပ်ကို လက်ထောက် ပညာရေးမှူး ဦးစိန်မောင်အေးက ပေးအပ်လှူဒါန်းရာ မြို့နယ်အဖွဲ့ဝင်(၂)ဦးအေးမြင့်က လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မပဒေသာဈေးနှင့် ငွေးဝင်းဈေး အတွင်းလမ်းများ၊ ဈေးဆိုင်ခန်းများနှင့် သားငါးဈေးရုံများတွင် ဖေဖော်ဝါရီ ၂၂ ရက်က ဈေးသူဈေးသားများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ရာသို့ ဦးစီးအရာရှိ ဦးမျိုးဟန်၊ ဒုတိယဦးစီးမှူး(ဈေး)နှင့် ဈေးကော်မတီဝင်များ ပူးပေါင်း ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သုတမဉ္ဇူစာကြည့်တိုက်သို့ ရုပ်မြင်သံကြားပြစက်လှူဒါန်း

မြစ်သား မတ် ၃

မြစ်သားမြို့နယ် ရွာခိုင်ကြီး ကျေးရွာအုပ်စု ရွာခိုင်ကြီး တောင်ရွာ သုတမဉ္ဇူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောင်စုံရုပ်မြင်သံကြားပြစက်၊ ဗီဒီယိုစက် လှူဒါန်းပွဲကို ယင်းစာကြည့်တိုက်အတွင်း၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက်၉နာရီက ကျင်းပသည်။

အခမ်းအနားသို့ ရွာခိုင်ကြီးတောင်ရွာ သုတမဉ္ဇူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နာယက ပရိယတ္တိ ပျိုးခင်း မြစ်နားကျောင်း ဆရာတော် ဦးသူရိယ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းမြနှင့် ဝန်ထမ်းများ၊ ရွာခိုင်ကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းလှနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြပြီး ရုပ်မြင်သံကြားပြစက်နှင့် ဆက်စပ် ပစ္စည်းများကို စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌက မြို့နယ်ဦးစီးမှူး ဒေါ်နှင်းမြ ထံလွှဲပြောင်းပေးအပ်သည်။

အဆိုပါ ရောင်စုံရုပ်မြင်သံကြား ပြစက်၊ ဗီဒီယိုပြစက်ကို ကျေးရွာမှ စုပေါင်းလှူဒါန်းငွေဖြင့် ဝယ်ယူလှူဒါန်းခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော ကျိုက္ကသာ-ဖွပ္ပနူးကျေးရွာ မြေသားလမ်းဖောက်လုပ်မှုကို မတ် ၁၃ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

စုပေါင်းစိုက်ပျိုး

အမှတ် (၇)အခြေခံပညာမူလတန်းကျောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၈) ရပ်ကွက်တွင် မတ်၁၀ရက်က ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇင်ဦးဆောင်၍ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ဆရာ ဆရာမများက ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

(က-ပ)

နဝမအကြိမ် ပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု စုပေါင်းဆောင်ရွက်

ရေနံချောင်း မတ် ၈

ရေနံချောင်းမြို့ မြို့မဈေးကြီး၌ နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မတ် ၅ရက် နံနက် ၈နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များ ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ရန်ကင်းပြည်သာယာ တာမွေလေး သံလမ်းအနီး ရွှေပြည်ဟိန်းကျောင်း၌ဖွင့်လှစ်ထားသောကုသိုလ်ဖြစ်ဆေးခန်း တိုးချဲ့ဆောင်အလှူအတွက် ရန်ကင်း(၁၄)ရပ်ကွက် ကျောက်ကုန်း ၉/ခ-၂နေ ဒေါ်သန်းသန်းမင်းက အလှူငွေကျပ်သုံးသိန်းကိုဆက်ကပ်လှူဒါန်းရာရွှေပြည်ဟိန်း ဆရာတော်အရှင်ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ဂုဏ ပူဇာပွဲကျင်းပ

တပ်ကုန်း မတ် ၂

တပ်ကုန်းမြို့နယ် အတွင်းရှိ သက်တော်ရှည် ဆရာတော်ကြီးများ ဂုဏ ပူဇာသဘင်နှင့် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဒေါ်ပညာသင်္ဂီ ဂုဏ်ပြုပွဲ အခမ်းအနားကို တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြု ဗိမာန်တွင် ဖေဖော်ဝါရီ ၂၆ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ သက်တော်ရှည် ဆင်ကျုံး တောရ ဆရာတော်ကြီး အမှူးပြုသော အပူဇော်ခံ သက်တော်ရှည် ဆရာတော် ၁၃ပါးနှင့်သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ချီးမြှင့်တော်မူကြကြောင်း သိရသည်။ **(၂၆၆)**

မုဒုံမြို့၌ မြိုင်ကုန်း-ကော့လှကျေးရွာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်က လမ်းသစ်မုခ်ဦးတွင် ကျင်းပရာ လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်ထံ ပေးအပ်စဉ်။ (မြို့နယ် စည်ပင်)

နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ်မတ်၃ရက်က မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြသီဂီနှင့်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ခရိုင်ပြည်သူ့ဆေးရုံကြီးအတွင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၄၀၂)

နမ့်စန်မြို့နယ် ထင်းရှူးမြိုင်-ဝမ်ကျောင်းကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်

နမ့်စန် ဖေဖော်ဝါရီ ၂၈

နမ့်စန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ထင်းရှူးမြိုင်-ဝမ်ကျောင်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်ကကျင်းပရာ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ်သူရမြင့်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အကုန်အကျခံဆောင်ရွက်

အဆိုပါလမ်းမှာ အရှည် ပေ ၂၁၅၀၊ အကျယ် ၁၀ ပေ ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေ ကျပ်၃၀၀၀၀၀၀ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် သံဃာတော်များ အရုဏ်ဆွမ်းဆက်ကပ်ရန် အလှူငွေလှူဒါန်း

ပြည် မတ် ၆

ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချစာသင် သံဃာတော် အပါး၅၄၀တို့၏ အရုဏ်ဆွမ်း ဆက်ကပ်ရန်အတွက် တစ်နေ့လျှင် ငွေကျပ် ၁၅၀၀၀နှုန်းဖြင့် ၂၀၀၆ ခုနှစ် မတ်လမှ ဇူလိုင်လအထိ အလှူငွေကျပ် ၂၁သိန်းကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၄)အင်းလျားမြိုင်လမ်း (ထွေးစံအိမ်)နေ ညွှန့်ထရေဒင်း ကုမ္ပဏီပိုင်ရှင် ဦးကျော်ညွှန့်မိသားစုက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပဌမအကြိမ်လှူဒါန်းပြီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ (အဂ္ဂ မဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားတော် နာယူလျက် ရေစက်သွန်းချ လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရည်မှန်းချက်တာဝန်များ ထပ်ဆင့်ရှင်းလင်း

မကွေး မတ် ၁၀

မကွေးခရိုင်အတွင်း ဖွင့်လှစ်ပြီးကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ၂၀၀၆-၂၀၀၇ခု ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရည်မှန်းချက်တာဝန်(၈)ရပ်အား ထပ်ဆင့်ရှင်းလင်းပွဲကို မတ်၄ရက်က နတ်မောက်မြို့၊ မြို့သစ်မြို့နှင့်တောင်တွင်းကြီးမြို့တို့တွင် ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝေလင်းက ကျေးရွာစာကြည့်တိုက်များကို မှတ်ပုံတင်စာကြည့်တိုက်ပေါ်ထွန်းရေး စီမံချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးသည်။

အလားတူ မတ်၁၁ရက်က ချောက်မြို့နှင့်ရေနံချောင်းမြို့တွင် ထပ်ဆင့်ရှင်းလင်းပွဲကျင်းပရာ ချောက်မြို့နယ်ငွေးချိုကျေးရွာတွင် ပြည်တော်သာ စာကြည့်တိုက်၊ စမ်းစုကျေးရွာတွင် လင်းရောင်ခြည် စာကြည့်တိုက်၊ ထန်းခြောက်ပင်ကျေးရွာတွင် ခေတ်မြင်ကွင်း စာကြည့်တိုက်၊ ငွေးပင်ကျေးရွာတွင် ရူပကြယ် စာကြည့်တိုက်နှင့် ရေနံချောင်းမြို့နယ် သုံးဆယ့်ခြောက်ကျေးရွာတွင် သုတဉာဏ်ရောင် စာကြည့်တိုက်များကို ကွင်းဆင်းစစ်ဆေးပြီး သုတ၊ ရသစာအုပ်မျိုးစုံ အုပ်၁၀၀စီ ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်ရွှေမြို့နယ် နန်းသီတာ-ကံကောင်း ကျောက်ချောလမ်းသစ်ဖွင့်

ညောင်ရွှေ ဖေဖော်ဝါရီ ၂၈

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် နန်းသီတာ-ကံကောင်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူးဦးနေလင်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာအရှည်ပေ၁၈၆၀၊ အကျယ် ၁၀ပေရှိပြီး ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ခွင့်ပြု ရန်ပုံငွေကျပ် ၃၃၅၃၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးသတ်ယာဉ်ဖြင့် မီးသတ်သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၇ရက်က အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် အမှတ်(၃) ရပ်ကွက်ဥက္ကဋ္ဌ ဦးထင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ကောလင်း၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ကောလင်း ဖေဖော်ဝါရီ ၂၈

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ စီစဉ် ဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၁၀ရက်က ကောလင်းမြို့နယ် နတ်ကြီးခုံ အုပ်စုတွင် လမ်းဘေးတစ်လျှောက် ကြက်ဆူပင် စိုက်ပျိုးပွဲကို ကျင်းပရာ ကျေးရွာ အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသောင်းလှိုင်၊ အဖွဲ့ဝင် ဦးအုန်းငွေ၊ ဦးဝင်းရွှေနှင့် ဦးအောင်ဝင်းတို့က ခြံစည်းရိုး ကြက်ဆူပင် ၈၄၀၀ကို တပျော်တပါး စုပေါင်း စိုက်ပျိုးကြသည်။ အဆိုပါ ခြံစည်းရိုး ကြက်ဆူပင် စိုက် ပျိုး ပွဲ တော်သို့ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီမှ တာဝန် ရှိသူများက ကြည့်ရှု အားပေးကြကြောင်းသိရ သည်။ (ဝ၂၆)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ဖေဖော်ဝါရီ ၂၇ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးသန့်ဇင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများ မီးဘေးကြိုတင် ကာကွယ်ရေး လက်တွေ့ဇာတ်တိုက် လေ့ကျင့်ကြစဉ်။ (မြို့နယ် စည်ပင်)

နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့ရ ပဲခူးတိုင်း ရွှေကျင်မြို့ မင်းကွန်းမဟာသတိပဋ္ဌာန် ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကလျာဏအား ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မတ် ၁၄ရက်က ဒဂုံမြို့နယ် ရွှေတိဂုံ ဘုရားလမ်းရှိ ရွှေကျင်မြို့နယ် ဓမ္မာရုံ၌ ကျင်းပရာ ရွှေကျင်မြို့နယ်အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်ပွဲ တောင်ကြီး၌ ကျင်းပ

တောင်ကြီး မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ကျန်းမာရေးဦးစီးဌာန၏ နဝမအကြိမ်မြောက် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃ရက် နံနက် ၈နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ သူနာပြု သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ရှမ်းပြည်နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုင်းခမ်းလှိုင်က ရှမ်းပြည်နယ်အတွင်း အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အခမ်းအနား အပြီးတွင် တက်ရောက်လာကြသူများက ယင်လုံအိမ်သာ နမူနာအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

အခြေခံပညာဦးစီးဌာန(ရန်ကုန်)က ကျင်းပသော အဋ္ဌမအကြိမ်မြောက် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲ(ခ) အဆင့်တွင် နှစ်နှစ်ဆက်တိုက် ပထမဆုရ အထက(၁) ပန်းဘဲတန်း ကျောင်းသူဘင်ခရာ အဖွဲ့ကို အသင်းအုပ်ချုပ်သူ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြမေနှင့်အတူ ဆုယူအပြီးတွေ့ရစဉ်။ (မြို့နယ် ပြန်/ဆက်)

ခြစ်ညီးရိုးကြက်ဆူပင်နှစ်သိန်း စုပေါင်းပျိုးပွဲ မိုးနဲမြို့၌ကျင်းပ စိုက်ပျိုးနည်းစနစ်နှင့် အသုံးချမှုပညာပေး သရုပ်ပြသမှု ကြည့်ရှု

မိုးနဲ မတ် ၁၀

မိုးနဲမြို့နယ်တွင် ခြစ်ညီးရိုးကြက်ဆူပင် နှစ်သိန်း စုပေါင်းပျိုးပွဲတော်ကို မတ် ၃ရက် နံနက် ၇နာရီက မိုးနဲမြို့ နားခံစံပြကျေးရွာ စုပေါင်းပျိုးခင်း၌ ကျင်းပရာ အခမ်းအနားသို့ လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဆွေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးစိုင်းခမ်းခေါ်က ရှမ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများ၊ ဒေသခံပြည်သူများက ခြစ်ညီးရိုးကြက်ဆူပင် နှစ်သိန်းကို စုပေါင်းပျိုးထောင်ပေးကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ရှမ်းရိုးရာ အဆို၊ အတီး၊ အက ဖြင့် ဧည့်ခံဖြေဖျော်ကြသည်။

ဆက်လက်၍ မြို့နယ်မြေစာရင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က ခင်းကျင်းပြသသည့် ခြစ်ညီးရိုးကြက်ဆူပင်စိုက်ပျိုးမှု နည်းစနစ်နှင့်အသုံးချမှု ပညာပေးသရုပ်ပြသမှုကို ကြည့်ရှုလေ့လာကြသည်။ (မြို့နယ် ပြန်/ဆက်)

မိဘ ဦးဘာဘာ-ဒေါ်လှကြည်နှင့် အစ်ကို ဦးသောင်းတင်တို့အား ရည်စူး၍ အမှတ်(၄၄) သမိန်ဗရမ်းလမ်းသွယ် နတ်ချောင်း တာမွေမြို့နယ်နေ ဦးလှမြင့်-ဒေါက်တာသန်းသန်းဦး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးလင်းမင်းညွန့်နှင့်မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ဈေးမီးဘေးလုံခြုံရေးအတွက် ပခုက္ကူမြို့ မြို့မဈေးအတွင်း လျှပ်စစ်မီးကြိုးများ သွယ်တန်းမှု၊ ဈေးလုံခြုံရေး၊ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် မတ် ၁၀ရက်က ရန်ကုန်မြို့နေ ချမ်းမြေ့ကြွယ် (Express) ဦးကိုကိုဦး-ဒေါ်သန်းအေး မိသားစုက ငွေကျပ်သုံးသိန်းပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

ချုံနွယ်များရှင်းလင်း ပန်းအလှပင်စိုက်ပျိုး

ကာမိုင်း မတ် ၈

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြို့နယ်တာဝန်ခံ ဦးဆန်းအောင်၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအေးဇော်မြင့်နှင့် ဝန်ထမ်းများသည် မတ် ၄ ရက်က ကာမိုင်းမြို့အဝင်မုခ်၍ ဗိုလ်တေဇလမ်းဘေး ဝဲယာတစ်လျှောက် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးခြင်းနှင့် မြေယာရှုခင်းအလှပြုပြင်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။ **(၄၁၆)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၀-၃-၂၀၀၆ **(တနင်္လာနေ့)**
- ❑ Fruits and Dispersal of Seeds
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု
- ❑ Plant Body
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု
- ❑ Modification of Plant Part
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု

၂၁-၃-၂၀၀၆ **(အင်္ဂါနေ့)**
- ❑ Germination
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု
- ❑ Structure of Seeds
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု
- ❑ Genetics
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု

၂၂-၃-၂၀၀၆ **(ဗုဒ္ဓဟူးနေ့)**
- ❑ The Flower
  - တက္ကသိုလ်ဝင်တန်း အထောက်အကူပြု
- ❑ Categorizing the varieties of plants and their relatives
  - ပထမနှစ်ရုက္ခဗေဒ(သာမန်)

၂၃-၃-၂၀၀၆ **(ကြာသပတေးနေ့)**
- ❑ Botany sa a Science
  - ပထမနှစ် ရုက္ခဗေဒ(အဓိက)
- ❑ Diversity of Plants
  - ပထမနှစ် ရုက္ခဗေဒ(အဓိက)

၂၄-၃-၂၀၀၆ **(သောကြာနေ့)**
- ❑ Plant Geography (Part I)
  - ဒုတိယနှစ် ရုက္ခဗေဒ(အဓိက)
- ❑ Some Importance of Medicinal Plants in Myanmar
  - ပညာပေး(ကျောင်းသား၊ ကျောင်းသူနှင့်ပြည်သူများ)

နံနက် ၉နာရီမှညနေ ၄နာရီအထိ

၂၅-၃-၂၀၀၆ **(စနေနေ့)**
- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂၆-၃-၂၀၀၆ **(တနင်္ဂနွေနေ့)**
- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ရေဦးမြို့ ဗိုလ်ချုပ်လမ်း ကျောက်ချောလမ်းခင်း

ရေဦး ဖေဖော်ဝါရီ ၂၈

ချင်းပြည်နယ် ရေဦးမြို့တွင် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော ရေဦးမြို့ ဗိုလ်ချုပ်လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ရက်က စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးလှိုင်ဦးက ကြီးကြပ်ပေးကြောင်း သိရသည်။ **(ပြည်နယ် စည်ပင်)**

ဖခင်အမည်မှန်

ရန်ကုန်မြို့ အထက(၁) သုဝဏ္ဏ နဝမတန်း (E) မှ မောင်တင်နိုင်ယု၏ ဖခင် အမည်မှန်မှာ ဦးကျော်နိုင်စိုး ဖြစ်ပါသည်။

ဦးကျော်နိုင်စိုး။



ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်

ကြည့်မြင်တိုင်မြို့နယ် ထီးတန်းလမ်းမပေါ်ရှိ လေးလွှာ၊ ၁၅ ပေX၅၅ပေ ပြုပြင်ပြီး တိုက်အား ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းလိုသည်။

ဖုန်း–၀၉–၉၉–၂၇၅၃၁။

လူပျောက်ကြော်ငြာ

(ဘ)ဦးခင်ဇော်၏ သမီး မခင်မာဝင်း အသက် (၁၄နှစ်)သည် ၂၀–၂–၂၀၀၆ရက်တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက (ဖုန်း–၅၄၈၇၈၉)သို့ အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများကို အရေးယူပါမည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)

နွေရာသီ နိုင်ငံခြားဘာသာစကား အခြေခံသင်တန်းသား လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)က အသက်(၉)နှစ်မှ (၁၃)နှစ်အရွယ်ထိ ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီ နိုင်ငံခြားဘာသာစကား အခြေခံသင်တန်းများဖွင့်လှစ်ပါမည်။

ဖွင့်လှစ်မည့်သင်တန်း – တရုတ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ ဂျပန်ဘာသာ၊ ကိုရီးယားဘာသာ

သင်တန်းကာလ – ၃–၄–၂၀၀၆ မှ ၂၃–၅–၂၀၀၆ ထိ ရက်သတ္တပတ် (၇)ပတ်

သင်တန်းအမည် – Elementary Chinese
Elementary French
Elementary German
Elementary Japanese
Elementary Korean

လက်မှတ် – Certificate ပေးအပ်ချီးမြှင့်ပါမည်။

သင်တန်းတက်ရောက်လိုသူများသည် မိဘ/အုပ်ထိန်းသူများ ကိုယ်တိုင် ၁၇–၃–၂၀၀၆ ရက် (သောကြာနေ့)မှစတင်၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပုံစံဝယ်ယူဖြည့်စွက် လျှောက်ထားနိုင်သည်။

အသေးစိတ်ကို တယ်လီဖုန်းအမှတ်–၅၁၄၃၇၁(လိုင်းခွဲ–၁၂၃)သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

(၁) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်း ဝယ်ရေးပိုင် ဧရာဝတီတိုင်း ဇလွန်မြို့နယ်၊ ဒေါင့်ကြီးဒေသရှိ ယာယီသိုလှောင်ရုံ(၈၀'x၄၀'x၁၂') (သွပ်xထရံxထရံ) သိုလှောင်ရုံအမှတ်(၂/၈၂)နှင့် ယာယီသိုလှောင်ရုံ(၅၀'x၃၂'x၆')(သွပ်xထရံxထရံ) သိုလှောင်ရုံအမှတ်(၇/၇၇)တို့အား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည် ဖြစ်ပါသည်။

(၁) တင်ဒါရောင်းချမည့်ရက် – ၂၀–၃–၂၀၀၆ မှ ၂၂–၃–၂၀၀၆ ထိ
အချိန် (၀၉:၃၀)နာရီမှ(၁၆:၃၀)နာရီ

(၂) တင်ဒါပိတ်မည့်ရက် – ၂၃–၃–၂၀၀၆
အချိန် – (၁၅:၀၀)နာရီ

(၃) တင်ဒါတင်သွင်းရမည့်နေရာ– မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး
(၁) တိုင်းမန်နေဂျာရုံး၊ဧရာဝတီတိုင်း၊ ပုသိမ်မြို့။
(၂) မြို့နယ်မန်နေဂျာရုံး၊ ဟင်္သာတမြို့နယ်။

(၂) အဆိုပါသိုလှောင်ရုံ(၂)လုံးအား မျက်မြင်အခြေအနေအတိုင်း ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ် ဒေါင့်ကြီးဒေသ၊ ပုဂ္ဂလိကစက်အမှတ်(၃၀၅)ငွေထွန်း ဆန်စက်ဝင်းတွင် သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်လက်များကို သိရှိလိုပါက တင်ဒါတင်သွင်းရမည့်နေရာများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း အမှတ် (၀၄၂–၂၄၅၂၃/၂၄၅၂၀) ပုသိမ်မြို့နှင့်(၀၄၄–၂၁၀၂၂)ဟင်္သာတမြို့နယ် မန်နေဂျာရုံး များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ဧရာဝတီတိုင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ အမှတ်(၃၇)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇/သမိုင်း) မြေကွက်အမှတ် (၉က ^၁ အေ)၊ ဦးကျော် အမည်ပေါက်ပိုင်ဆိုင်သည့်မြေပေါ်တွင် ကန်ထရိုက်တာဦးလှမြင့် AKB–၁၉၀၄၈၁၊ ဦးသန်းမောင် DKU–၀၉၅၇၀၄၊ဦးဘစိန် KTW၁၄၆၇၈၄တို့က အခန်းပေး၊အခန်းယူစနစ်ဖြင့် ဆောက်လုပ်ထားသည့် အခန်းများအနက်မှ ကန်ထရိုက်တာများရရှိသည့် ၅ထပ်တိုက်အဆောက်အအုံ၏ ငါးလွှာ၊ အခန်း(B)(ဝဲဘက်အခန်း)တိုက်ခန်းတစ်လွှာ အကျယ်အဝန်းဧရိယာ (၁၆ပေ x ပေ ၅၀) အခန်း၏ အကျိုးခံစားခွင့်အားလုံးကို အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးဇော်မင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ

သန်လျင်ဦးထွန်း
LL.B, CBL; DBL; DML; DIL; D.A.Psy
တရားရုံးချုပ်ရှေ့နေ၊ c/o ရုံးဖုန်း–၆၆၇၄၉၀၊ ၃၇၇၂၇၆၊ အိမ်ဖုန်း–၆၆၀၁၆၇
အမှတ်၁၀၁၊ သာယာအေးလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အခြေခံကျွမ်းကျင်မှုသင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာနအောက်ရှိ အစိုးရ နည်းပညာကောလိပ်များနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများတွင် အခြေခံကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်မည်ဖြစ်၍ အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး နည်းပညာကောလိပ်များတွင် တက်ရောက်ရန် အမှတ်မမီသူများ လျှောက်ထားနိုင်သည်။
(ဂ) ၂၀၀၆ခုနှစ် မတ်လတွင်ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးသူများ လျှောက်ထားနိုင်သည်။
(ဃ) ၂၀၀၆ခုနှစ် ဧပြီလ(၃)ရက်နေ့တွင် အသက်(၁၉)နှစ် မကျော်လွန်သူဖြစ်ရမည်။
(င) ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(စ) အခြေခံကျွမ်းကျင်မှုသင်တန်းကို မော်ဂျူး(၂)ခုခွဲ၍ ဖွင့်လှစ်သင်ကြားပါမည်။
(ဆ) ၂၀၀၅ခုနှစ် မတ်လတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများသည် အခြေခံ မော်ဂျူးသင်တန်း ပထမပိုင်း(၄)လ တက်ရောက်ပြီးပါက၊ အခြေခံမော်ဂျူးသင်တန်း ဒုတိယ(၄)လသင်တန်း ဆက်လက်တက်ရောက်ပြီး အောင်မြင်ပါက အောင် လက်မှတ်ချီးမြှင့်မည်။ အဂ္ဂိတီအိုင် ပထမနှစ်သင်တန်းသို့ တက်ရောက်လို ပါကလည်း တိုက်ရိုက်တက်ရောက်နိုင်သည်။ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုထားသူများသည် မော်ဂျူးသင်တန်း ပထမပိုင်း(၄)လ တက်ရောက်ပြီးသူများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ပြီးသူများကိုသာ ဒုတိယမော်ဂျူး ဆက်လက် တက်ရောက်ခွင့်ပြုပြီး အောင်မြင်ပါက အောင်လက်မှတ်ချီးမြှင့်မည့်အပြင် အဂ္ဂိတီအိုင် ပထမနှစ်သင်တန်းသို့လည်း တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်။
(ဇ) ဖွင့်လှစ်သင်ကြားမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–
(က) အခြေခံမြို့ပြသင်တန်း၊
(ခ) အခြေခံလျှပ်စစ်ဆက်သွယ်ရေးသင်တန်း၊
(ဂ) အခြေခံလျှပ်စစ်စွမ်းအားသင်တန်း၊
(ဃ) အခြေခံ CNC သင်တန်း၊
(င) အခြေခံစက်မှုစွမ်းအားသင်တန်း၊

၂။ သင်တန်းများကို ၂၀၀၆ခုနှစ် ဧပြီလ ၃ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး လျှောက်လွှာများကို သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှု သိပ္ပံများတွင် (၂၈–၃–၂၀၀၆)ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ အသေးစိတ်သိရှိလိုသောအချက်များကို စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ ဖုန်းအမှတ်(၀၁–၅၄၃၃၃၇၊ ၀၇၆–၄၀၄၀၁၅)နှင့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများသို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ တာချီလိတ် ဝိုင်အက်စ် အင်တာနေရှင်နယ်လီမိတက်၏ ထုတ်ကုန်/သွင်းကုန်လုပ်ငန်းလိုင်စင်အမှတ်(၈၁၉၅)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

တာချီလိတ်ဝိုင်အက်စ်
အင်တာနေရှင်နယ်လီမိတက်
ရွှေနန်းတော်ကုန်တိုက်
တာချီလိတ်မြို့၊ ဖုန်း–၀၈၄–၅၁၃၃၃။

ကချင်ပြည်နယ်မှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော သံဃာတော်များအား ဂုဏ်ပူဇော်ပွဲကို မတ် ၁၅ရက်က မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်းအသင်း(ရန်ကုန်)မှ ဦးစီး၍ ရွှေတိဂုံဘုရား တောင်ဘက်မုခ် ကျောက်စိမ်းတွင်းဓမ္မာရုံတွင်ကျင်းပရာ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသထံ ဘုရားတည်ရန် အလှူငွေကျပ်လေးသိန်းကို သုဓမ္မသိင်္ဂီ ဒေါ်နုနုငယ်က ဆက်ကပ် လှူဒါန်းစဉ်။ (က–ပ)

မီးသတ်ယာဉ်ဝင်ထွက်နိုင်မှုနှင့် ရေကန်ရေငုတ်များကြည့်ရှု မီးဘေးကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

မန္တလေး ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနက နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်၊ ရပ်ကွက်အလိုက်ဆောင်ရွက်ထားမှုကို ကွင်းဆင်းစစ်ဆေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၉ရက်က ချမ်းအေးသာစံမြို့နယ် ပြည်ကြီး ပျော်ဘွယ်အရှေ့ရပ် ကျောက်ဆစ်မီးသတ်စခန်းကို ဒုတိယညွှန်ကြားရေးမှူး ရဲကျော်သူရဲသူရ သန်းကျော်ကျော်သည် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်းနှင့် တိုင်းမီးသတ်ဦးစီးဌာန တပ်စုမှူး ဦးလှမင်းတို့ဖြင့် သွားရောက်စစ်ဆေးကြသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ကျောက်ဆစ် မီးသတ်စခန်း တပ်ခွဲမှူး မျိုးညွန့်၊ တပ်စုမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို စခန်းရုံးအစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေး ကိစ္စရပ်များ မှာကြားပြီး ရပ်ကွက်ဥက္ကဋ္ဌနှင့် တပ်ခွဲမှူး မျိုးညွန့်တို့က ရပ်ကွက်မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးက ဖြည့်စွက်မှာကြားသည်။

သာယာလှပရေး

ထို့နောက် မီးသတ်ယာဉ် တောင့်တင်းခိုင်မာရေး၊ အသင့်အနေအထားရှိရေး၊ စခန်းတာဝန်ချထားမှု၊ စခန်းဝန်းကျင်သန့်ရှင်း သာယာလှပမှုများကို စစ်ဆေးပြီး ရပ်ကွက်အတွင်းရှိ အရေးပေါ်မီးသတ်ရေကန်၊ ရေငုတ်များ ရေရရှိမှု၊ အရေးပေါ် မီးသတ်ယာဉ်ဝင်ထွက်သွားလာနိုင်မှု၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးထားရှိမှု၊ ရပ်ကွက်အတွင်း မီးလောင်လွယ်စေသည့် လောင်စာကင်းစင်မှု အခြေအနေများကို တပ်ဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း စစ်ဆေး၍ မီးသတိပေး ကြော်ငြာကပ်မှု၊ ပညာပေးစာစောင် ဖြန့်ဝေမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **(၁၆၂)**

ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးဝင်းအတွင်း စိုက်ပျိုးထားသော စိုက်ခင်းရှိနှစ်ရှည်သီးနှံပင်များ ပြုစုထိန်းသိမ်းနေမှုကို ဖေဖော်ဝါရီ ၅ ရက်က အမှုဆောင်အရာရှိ ဦးဒေးဖဲ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (နယ်စပ်/စည်ပင်)

ကျောက်ချောခင်း

အင်တောမြို့အမှတ်(၇)လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးသောင်းစိန် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးဝဏ္ဏကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်းတို့က ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်/စည်ပင်)

အထက(ကျောင်းခွဲ)ကျောင်းဆောင်သစ် မြောက်ဦး၌ဖွင့်

မြောက်ဦး ဖေဖော်ဝါရီ ၂၀

မြောက်ဦးမြို့နယ် တိန်ညိုကျေးရွာ အခြေခံပညာအထက်တန်း(ကျောင်းခွဲ) ဆိုင်းဘုတ်နှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၉နာရီက တိန်ညိုအခြေခံပညာအထက်တန်း(ကျောင်းခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်ဦးနှင့် မြို့နယ်ပညာရေးမှူး ဦးတင်ဝင်းတို့က တိန်ညိုကျေးရွာ အခြေခံပညာအထက်တန်း(ကျောင်းခွဲ) ဆိုင်းဘုတ်နှင့် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးတင်ဝင်းက ပညာရေးကဏ္ဍများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိန်ညိုအထက(ကျောင်းခွဲ) ကျောင်းအုပ်ဆရာကြီး ဦးကျော်မြက ကျောင်းနှင့်ပတ်သက်သည်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တိန်ညိုကျေးရွာမှ ဦးလှစောအောင်က တိန်ညိုအထက (ကျောင်းခွဲ)အတွက် ငွေကျပ်သုံးသိန်းတန်ဖိုးရှိ မီးစက်တစ်လုံးကို လှူဒါန်းရာ တိန်ညို အထက (ကျောင်းခွဲ) ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

ရဲနွယ်ရေလှောင်တမံစီမံကိန်း မကြာမီပြီးစီးတော့မည် စိုက်ပျိုးမြေဧကနှစ်သိန်းကျော်အတွက် ရေပေးဝေနိုင်

ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အထောက်အကူပြု

သတင်းမှတ်စု-ကျော်စိန်၊
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံတစ်ဝန်းတွင် ဆည်နှင့်ရေလှောင်တမံများ အစုအဖွဲ့ဖြင့် တည်ဆောက်ပေးလျက်ရှိရာ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံကို ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ အနီး တည်ဆောက်နေခြင်းဖြစ်ပြီး မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။

ရဲနွယ်ရေလှောင်တမံ၏ ထူးခြားချက်ကား ဘက်စုံစီမံကိန်းတစ်ခု ဖြစ်နေခြင်းဖြစ်သည်။ ရဲနွယ်ရေလှောင်တမံတည်ဆောက်ပြီးစီးပါက သီးနှံများစိုက်ပျိုးရန်အတွက် ရေပေးဝေနိုင်ခြင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန်အတွက် အထောက်အကူပြုခြင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ခြင်းနှင့် ရေလွှမ်းမှုဒဏ်မှ ကာကွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ဘက်စုံရေလှောင်တမံ ဆိုသော်လည်း ရဲနွယ်ချောင်းပေါ်၌ အလျား ပေ၁၀၅၀၊ အမြင့် ၂၅၁ပေရှိသော မြေသားတမံတစ်ခုသာဖြစ်သည်။ သို့သော် ရေလှောင်ပမာဏ ၉၃၁၈၀၀ ဧကပေ ရှိသဖြင့် လယ်မြေဧက ၁၁၈၅၀၀နှင့် သီးနှံစိုက်ဧရိယာ ဧက၂၃၇၀၀၀ကို ရေပေးဝေနိုင်အောင် အကျိုးပြုနိုင်စွမ်းရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၂* ●

ရဲနွယ်ရေလှောင်တမံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၁)မှ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်းကို ပိတ်၍ တည်ဆောက်ထားသည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံ စီမံကိန်းမြင်ကွင်းအလှကို မတ် ၃ ရက်က ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

ဓာတ်ပုံ—သိန်းဝင်းလေး
(မြန်မာ့အလင်း)

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော မိုးကုတ်ပတ္တမြားအတွဲနံပါတ်(၆၃) ပတ္တမြားတာတစ်ပွင့် အလေးချိန် ၃၃ ဒသမ ၃၉ ကရက်ရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၃ ဒသမ ၅သန်းတန် ပတ္တမြားကြီးကို တွေ့ရစဉ်။
(သတင်းစဉ်)



(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၁၉၄၀ ရောက်ရှိ

ရန်ကုန် မတ် ၁၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ရောက်ရှိလာပြီး မြန်မာ့ကျောက်မျက်ရတနာခန်းမဈေးပြိုင်ခန်းမ၌ ရတနာကုန်သည်များက တင်ဒါစနစ်ဖြင့် ရောင်းချမည့် ရတနာတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ၊ တင်ဒါပုံးထဲသို့ထည့်သွင်းနေမှုများကို ကြည့်ရှုအားပေးသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက် စည်းလုံးညီညွတ်ခြင်း၏အနှစ်သာရကို ဖော်ကျူးခြယ်မှုန်း စာနယ်ဇင်းပန်းချီဆရာများ၏ လက်ရာများခင်းကျင်းပြသ

သတင်းဆောင်းပါး—မြင့်မောင်စိုး
ဓာတ်ပုံ—သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၇

ကမ္ဘာ့အစောဆုံးပန်းချီကားများမှာ ကမ္ဘာဦးကာလကတည်းက စတင်ပေါ်ပေါက်ခဲ့သည်။ ကမ္ဘာဦး ရှေးဦးလူသားများသည် စာပေယဉ်ကျေးမှုမထွန်းကားသည့် ကာလကပင် မိမိတို့၏ ပြုမူပြောဆိုနေထိုင် စားသောက်ခြင်းများကို ရုပ်ပုံများရေးဆွဲ၍ မှတ်သားထားလေ့ရှိသည်ဟု မှတ်သားခဲ့ဖူးသည်။ ထိုခေတ်ကာလက သစ်ရွက်၊ သစ်စေး၊ ရွှံ့စေးများကိုသုံး၍ ပုံများကို ရေးဆွဲခဲ့ကြသည်ဟုဆို၏။

ပန်းချီပညာနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိလိုသဖြင့် မြန်မာ့အလင်းက ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းတွင် ဖွင့်လှစ်ပြသလျက်ရှိသော စာနယ်ဇင်းပန်းချီဆရာများ၏ ပန်းချီပြပွဲသို့သွားရောက်ကာ ပန်းချီဆရာများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✻

စာနယ်ဇင်းပန်းချီဆရာများပြပွဲတွင် ဆရာကြီးဦးသောင်းဟန်၏ သက်တံရောင်စုံ ကိန္နရီကိန္နရာ ချစ်ရည်လူး ပျံသန်းနေပုံကို ဖော်ကျူးရေးဆွဲထားသည့် တောနှင့်တောင်စွယ်အမည်ရ ဆီဆေးပန်းချီကားကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ—သိန်းဝင်းလေး (မြန်မာ့အလင်း)